# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၅)


## အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်း ပြည်ပရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးခြင်းကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး အသီးသီးက ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းမဲပေးပြီးသည့် ကြိုတင်ဆန္ဒမဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ကော်မရှင်က သတ်မှတ်ပေးသည့် နေ့ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV- HD ၊ MRTV-News ၊ MRTV-NRC ၊ MRTV Farmers' ၊ MRTV-Entertainment ၊ MRTV Parliament ၊ MITV၊ MWD HD Channel ၊ MWD Variety HD Channel ၊ Readers' Channel ၊ Sky Net Up to Date ၊ MNTV ၊ Channel 9 ၊ UNI TV နှင့် မဟာရုပ်သံလိုင်းတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM ၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM ၊ FM ပုဂံ ၊ Star FM ၊ သဇင် FM တို့မှ လည်းကောင်း၊ MOI Website ၊ MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှ လည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ **သတင်းစဉ်**



ကျိုင်းခမ်းရေလှောင်တမံကို တွေ့ရစဉ်။

# ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီး တမံအတွင်း ကန်ရေပြည့်အမှတ်အထက် သိုလှောင်ထားရှိပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီး၍ တမံအတွင်း ကန်ရေပြည့်အမှတ်အထက်သို့ သိုလှောင်ထားရှိပြီးဖြစ်ရာ တာဘိုင် Unit(1) နှင့် (2) လည်ပတ်ကာ လျှပ်စစ်ဓာတ်အားများ စတင်စမ်းသပ်ထုတ်လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❍

---

**ယနေ့ ဇတ် စ ရာ**

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ**

ကြေညာချက် စာ ၃

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ**

ကြေညာချက် စာ ၄

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ**

ကြေညာချက် စာ ၄

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးကွမ်ဆန်း | ၁/မစန(နိုင်)၀၁၂၄၂၅ | မံစီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်ဝင်း | ၁/ရကန(နိုင်)၀၀၆၆၄၃ | ရွှေကူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးဝေလင်းထွန်း | ၅/မကန(နိုင်)၀၄၆၆၆၈ | မင်းကင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

*စာမျက်နှာ ၄ သို့*

❒ *ရှေ့ဖုံးမှ*
နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲစာအိတ်များကို ဖွင့်ဖောက်၍ ပွင့်လင်းမြင်သာစွာ ရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၇) နှင့် ပုံစံ (၁၇-၁) တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပါသည်။

၃။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က) နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဖြစ်သည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ ဌာနအကြီးအမှူးများက စီစဉ်ပေးသည့် နေရာတွင်လည်းကောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယင်းတို့ရောက်ရှိရာဒေသ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်အတွင်း စနစ်တကျ ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ရွေးကောက်ပွဲ မကျင်းပမီ ၂ ရက်အလို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေ ၄ နာရီ မတိုင်မီရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ဖွင့်ဖောက်၍ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူ ကြည့်ရှုနိုင်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် အချုပ်ခံနေရသူ၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသူများနှင့် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်ကာ ယာယီတာဝန် သွားရောက်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကော်မရှင်ကသတ်မှတ်သည့် ၁၈-၁၂-၂၀၂၅ ရက်နေ့မှ ၂၇-၁၂-၂၀၂၅ ရက်နေ့အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများသို့လည်း ဆက်လက်အသိပေးအကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၃ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းအား စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် မဲပုံးများကို ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ (၁၃-က) များနှင့်အတူ ရွေးကောက်ပွဲကျင်းပသည့်နေ့ ၂၈-၁၂-၂၀၂၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူးများထံသို့ နည်းဥပဒေ ၆၃ (စ) နှင့်အညီ စနစ်တကျအပ်နှံခဲ့ကြပါသည်။ မဲရုံပိတ်ချိန်တွင် မဲရုံမှူးက မဲဆန္ဒရှင်များ မဲပေးစက်ဖြင့် ဆန္ဒမဲပေးထားသည့် ဆန္ဒမဲရလဒ်စာရင်းကို မဲပေးစက်မှ ထုတ်ယူပြီးနောက် ကြိုတင်ဆန္ဒမဲများကို ရေတွက်ခဲ့ပါသည်။ ထို့နောက် မဲရုံမှူးသည် မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲအရေအတွက်နှင့် ကြိုတင်ဆန္ဒမဲစာရင်းများကို စုစည်း၍ ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့တွင် ရေးသွင်းပြီး ဆန္ဒမဲရလဒ်စာရင်းများကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။

၅။ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} ပါ ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများနှင့် မဲရုံအသီးသီးက ရရှိသည့် ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့ကို စုစည်း၍ မြို့နယ်ဆန္ဒမဲရလဒ်စာရင်း ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) တို့တွင် စနစ်တကျ ရေးသွင်းခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇) နှင့် ပုံစံ (၁၇-၁) ပါ ကြိုတင်ဆန္ဒမဲစာရင်းနှင့် မြို့နယ်အသီးသီးက ပေးပို့လာသည့် ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) ပါ ဆန္ဒမဲစာရင်းများကို စုစည်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲစာရင်းများကို ပုံစံ (၁၉) နှင့် ပုံစံ (၁၉-၁) တို့တွင် ရေးသွင်းခဲ့ပါသည်။ အဆိုပါဆန္ဒမဲစာရင်းပုံစံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူ ကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများသည် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်းနှင့် ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ကြပြီး ရရှိသည့် ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းအမှတ် ၁၁(ဘီ) မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးရှိ ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ ယနေ့သွားရောက်လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းမိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ ပြည်သူနှင့် မစ္စ ဘေဂမ်ခါလီဒါဇီယာ၏ မိသားစုဝင်များကို စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာသည် ၂၀၀၃ ခုနှစ် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၀)ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၃ မှ*

| | | | | |
|---|---|---|---|---|
| (၅) | ဦးစိုးပိုင် | ၅/ဝသန(နိုင်)၀၄၀၈၁၁ | ဝန်းသို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမြင့်စိုးဆင့် | ၅/မလန(နိုင်)၀၃၀၃၂၆ | မော်လိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးညဏ်ထွန်း | ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ | ကနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးစောမောင် | ၅/ဆလက(နိုင်)၀၄၀၂၀၁ | ဆားလင်းကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစိုးတင့်အောင် | ၅/ရဥန(နိုင်)၀၀၈၈၅၉ | ရေဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**တနင်္သာရီတိုင်းဒေသကြီး**

| | | | | |
|---|---|---|---|---|
| (၁၀) | ဦးမင်းနိုင် | ၆/ပလန(နိုင်)၀၄၉၆၄၈ | ရေဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးတင့်လွင် | ၆/ထဝန(နိုင်)၀၆၄၀၅၀ | လောင်းလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီး**

| | | | | |
|---|---|---|---|---|
| (၁၂) | ဒေါ်အိဖြူလွင် | ၈/ဂဂန(နိုင်)၀၆၆၄၁၂ | ဂန့်ဂေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်**

| | | | | |
|---|---|---|---|---|
| (၁၃) | ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | မက်မန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ရီရီလှိုင် | ၁၃/ဖခန(နိုင်)၀၁၉၁၂၉ | ဖယ်ခုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးစိုင်းထွန်းလင်း | ၁၃/ကခန(နိုင်)၀၀၁၈၁၆ | မိုးနဲ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂ /၂၀၂၆)**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| ဦးအမ်ဇော်လတ် | ၁၃/ကတန(နိုင်)၀၈၇၃၅၆ | အမှတ် (၁) | “ဝ” အမျိုးသားပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃/၂၀၂၆)**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအောင်နိုင် | ၁/ရကန(နိုင်)၀၀၄၃၀၅ | ရွှေကူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးထိန်မင်း | ၅/ဝသန(နိုင်)၀၁၄၅၇၀ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးခင်မောင်လွင် | ၅/တမန(နိုင်)၀၀၃၆၂၁ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးအောင်မင်းကျော်သူ | ၅/ဘတလ(နိုင်)၀၅၄၈၁၆ | ဘုတလင်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်စန္ဒာသိန်း | ၅/မလန(နိုင်)၀၀၀၅၁၄ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးထွန်းလွင် | ၅/ကနန(နိုင်)၀၄၉၂၄၀ | ကနီမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ဇော်ဦး | ၅/ဆလက(နိုင်)၀၄၅၁၇၀ | ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးရဲမိုးနိုင် | ၅/ရဥန(နိုင်)၀၇၅၉၈၁ | ရေဦးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၉) | ဦးခင်မောင်မြင့် | ၆/သရခ(နိုင်)၀၁၀၂၉၉ | ရေဖြူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးအောင်မျိုးထွန်း | ၆/ထဝန(နိုင်)၀၉၅၂၄၉ | သရက်ချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးဇော်ထွန်းဦး | ၈/ဂဂန(နိုင်)၀၉၉၆၁၈ | ဂန့်ဂေါမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၂) | ဦးမြင့်ဝင်း | ၁၃/နမတ(နိုင်)၀၀၃၂၈၉ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကိန်မိုင် | ၁၃/မဆတ(နိုင်)၀၂၁၇၁၆ | ကချင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းအောင် | ၁၃/ကတန(နိုင်)၀၆၃၁၃၅ | အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၁၅) | ဒေါ်အေးချိုစိန် | ၁၃/ဖခန(နိုင်)၀၀၀၀၁၅ | ကယန်း(ခ) ပဒေါင် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစား ဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၁၆ )**
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉( ခ )နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံ ရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပြည်ထောင်စုနယ်မြေ** | | | | |
| (၁) | ဦးခင်ရီ | ၁၃/ဖခန(နိုင်)၀၂၉၃၀၄ | ဇေယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးလှဆွေ | ၈/ဂဂန(နိုင်)၀၈၅၉၉၆ | ပုဗ္ဗသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးမောင်မြင့် | ၇/ရတရ(နိုင်)၀၇၉၇၈၄ | ဇမ္ဗူသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးခင်မောင်ဌေး | ၉/ပမန(နိုင်)၀၁၃၉၈၂ | ပျဉ်းမနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးမြတ်ဟိန်း | ၁၂/မဂဒ(နိုင်)၀၁၇၄၅၅ | ဒက္ခိဏသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဝင်းဌေး | ၉/စကတ(နိုင်)၀၀၁၀၇၈ | လယ်ဝေး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးမောင်မောင်အုန်း | ၈/ပခက(နိုင်)၁၆၇၆၈၀ | တပ်ကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးတင်အောင်စန်း | ၁၂/လမန(နိုင်)၀၈၉၄၈၉ | ဥတ္တရသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်** | | | | |
| ( ၉ ) | ဦးမြင့်ကို | ၁/တနန(နိုင်)၀၀၀၈၀၆ | တနိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဆင်ဆုန်း | ၁/ပတအ(နိုင်)၀၀၈၉၈၅ | ခေါင်လန်ဖူး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးရားနီ | ၁/ပတအ(နိုင်)၀၀၅၀၆၃ | ပူတာအို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးစိုးဝင်း | ၁/မညန(နိုင်)၀၀၀၁၇၀ | မိုးညှင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးညွန့်ဝင်း | ၁/မကန(နိုင်)၀၃၇၅၂၂ | မြစ်ကြီးနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | | |
| (၁၄) | ဦးအေးမောင် | ၂/ဘလခ(နိုင်)၀၀၀၄၁၆ | ဘောလခဲ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမောင်ရွှေ | ၂/လကန(နိုင်)၀၁၁၄၈၈ | လွိုင်ကော် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၁၆) | ဦးသက်နိုင်ဦး | ၃/လဘန(နိုင်)၀၀၀၇၅၃ | ဘားအံ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးခင်မောင်ချင်း | ၁၂/ဥကမ(နိုင်)၂၀၉၀၁၃ | မြဝတီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးစောဟေသားကြီး | ၃/သတန(နိုင်)၀၀၁၆၂၉ | သံတောင်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၉) | ဦးဆလိုင်း အောင်ပြည့် | ၁၃/တကန(နိုင်)၁၄၀၉၈၃ | တီးတိန် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးဗန်နီ | ၄/ထတလ(နိုင်)၀၀၀၁၄၈ | ဟားခါး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၂၁) | ဦးစိုးလှ | ၁၀/ကထန(နိုင်)၀၀၇၀၉၂ | ကျိုက်ထို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးမျိုးမြင့် | ၁၂/ပဘတ(နိုင်)၀၁၂၈၈၄ | ကျိုက်မရော | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးစိုးသူ | ၁၀/ကမရ(နိုင်)၁၃၁၃၇၅ | ချောင်းဆုံ | မွန်ညီညွတ်ရေးပါတီ |
| (၂၄) | ဒေါ်ဥမ္မာဌေး | ၁၀/မလမ(နိုင်)၀၀၁၁၇၇ | မော်လမြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးကျော်မြင့် | ၁၀/သထန(နိုင်)၀၂၁၈၆၆ | သထုံ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## နေပြည်တော်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မူကြိုကလေးများ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ဓနုဖြူ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူကြိုကလေးများ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါစွမ်းရည်ပြိုင်ပွဲကို အားကစား နှင့် ကာယပညာဦးစီးဌာန၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့တို့ပူးပေါင်းကာ မီတာ (၁၀) အပြေးပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဘောလုံးညှပ်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲနှင့် မုန့်စားပြိုင်ပွဲတို့ကို ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကလေးငယ်များအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့အပြင် ကလေးများအားလုံးအတွက် လက်ဆောင် ပစ္စည်းများပေးအပ်ခြင်းနှင့် အာဟာရပဲပေါင်မုန့် များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စုနယ်မြေ | | | | | | |
| ၁ | ဇေယျာသီရိမြို့နယ် | | | ၅၈၇၄၆ | ၉၉၃၅ | ၆၈၆၈၁ | |
| | | ဦးခင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈၄ | ၉၄၂၂ | ၄၉၀၀၆ | ၇၁.၃၅% |
| | | ဒေါ်ခင်မျိုးနွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၃ | ၁၄၄ | ၄၈၈၇ | ၇.၁၂% |
| | | ဦးကျော်ရဲနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၆ | ၁၃၉ | ၄၈၈၅ | ၇.၁၁% |
| | | ဦးပိုင်ပိုင် | ပြည်သူ့ပါတီ | ၃၇၄၄ | ၇၉ | ၃၈၂၃ | ၅.၅၇% |
| | | ဦးဇော်မျိုးခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၈၆ | ၁၁၂ | ၃၂၉၈ | ၄.၈၀% |
| | | ဒေါ်အေးသန္တာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၄၃ | ၃၉ | ၂၇၈၂ | ၄.၀၅% |
| ၂ | ပုဗ္ဗသီရိမြို့နယ် | | | ၆၄၇၉၇ | ၁၁၃၈၁ | ၇၆၁၇၈ | |
| | | ဦးလှဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၂၇၅ | ၉၄၇၁ | ၄၄၇၄၆ | ၅၈.၇၄% |
| | | ဦးဇင်ဝိုင်း | ပြည်သူ့ပါတီ | ၇၅၈၂ | ၃၄၉ | ၇၉၃၁ | ၁၀.၄၁% |
| | | ဦးစိုင်းမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၂ | ၅၄၄ | ၆၉၁၆ | ၉.၀၈% |
| | | ဦးသန်းမြတ်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၃၉ | ၃၉၅ | ၅၆၃၄ | ၇.၄၀% |
| | | ဒေါက်တာခင်စန္ဒီမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၇၈ | ၂၆၇ | ၄၃၄၅ | ၅.၇၀% |
| | | ဒေါ်ဆုမြတ်စန္ဒာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၂၉ | ၂၂၄ | ၃၆၅၃ | ၄.၇၉% |
| | | ဦးမောင်မောင်လှိုင် | တစ်သီးပုဂ္ဂလ | ၂၈၂၂ | ၁၃၁ | ၂၉၅၃ | ၃.၈၈% |
| ၃ | ဇမ္ဗူသီရိမြို့နယ် | | | ၄၂၃၇၇ | ၇၄၀၄ | ၄၉၇၈၁ | |
| | | ဦးမောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၆၁၇ | ၅၂၅၀ | ၂၈၈၆၇ | ၅၇.၉၉% |
| | | ဒေါက်တာအောင်မျိုး | တစ်သီးပုဂ္ဂလ | ၅၁၉၉ | ၈၁၂ | ၆၀၁၁ | ၁၂.၀၇% |
| | | ဒေါ်ရီရီဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၉၂ | ၃၈၁ | ၃၃၇၃ | ၆.၇၈% |
| | | ဦးကိုငယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၉၂ | ၂၅၆ | ၃၂၄၈ | ၆.၅၂% |
| | | ဦးဇော်မှိုင်း | ပြည်သူ့ပါတီ | ၂၅၀၈ | ၁၇၇ | ၂၆၈၅ | ၅.၃၉% |
| | | ဦးသောင်းထိုက် | တစ်သီးပုဂ္ဂလ | ၂၀၉၇ | ၁၉၃ | ၂၂၉၀ | ၄.၆၀% |
| | | ဒေါ်အိသန္တာချို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၈၉ | ၁၈၂ | ၁၇၇၁ | ၃.၅၆% |
| | | ဦးဇော်လွင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၈၃ | ၁၅၃ | ၁၅၃၆ | ၃.၀၉% |
| ၄ | ပျဉ်းမနားမြို့နယ် | | | ၇၁၅၁၇ | ၈၃၀၁ | ၇၉၈၁၈ | |
| | | ဦးခင်မောင်ဋ္ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၈၁၇ | ၅၈၅၄ | ၃၇၆၇၁ | ၄၇.၂၀% |
| | | ဒေါ်သီသီနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၄၅ | ၆၀၁ | ၉၂၄၆ | ၁၁.၅၈% |
| | | ဦးဝင်းဋ္ဌေးဦး | ပြည်သူ့ပါတီ | ၈၃၇၉ | ၄၇၉ | ၈၈၅၈ | ၁၁.၁၀% |
| | | ဦးအောင်သီဟဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၄၄ | ၄၇၉ | ၈၅၂၃ | ၁၀.၆၈% |
| | | ဦးသိန်းစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၅၆ | ၃၂၇ | ၅၈၈၃ | ၇.၃၇% |
| | | ဦးလင်းလင်းမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၈၆ | ၂၅၄ | ၅၀၄၀ | ၆.၃၁% |
| | | ဦးမြင့်ဇော် | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၂၉၀ | ၃၀၇ | ၄၅၉၇ | ၅.၇၅% |
| ၅ | ဒက္ခိဏသီရိမြို့နယ် | | | ၁၈၅၂၆ | ၃၂၈၇ | ၂၁၈၁၃ | |
| | | ဦးမြတ်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၁၀ | ၂၈၁၁ | ၁၂၈၂၁ | ၅၈.၇၈% |
| | | ဦးဟိန်းလပြည့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၉၆ | ၁၈၈၇ | ၈.၆၅% |
| | | ဒေါ်အိအိစိုး | တစ်သီးပုဂ္ဂလ | ၁၇၂၃ | ၉၂ | ၁၈၁၅ | ၈.၃၂% |
| | | ဦးသိန်းထွန်းအောင် | ပြည်သူ့ပါတီ | ၁၄၅၅ | ၅၈ | ၁၅၁၃ | ၆.၉၃% |
| | | ဒေါ်ဝင်းမြတ်မွန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၉၉ | ၉၄ | ၁၃၉၃ | ၆.၃၉% |
| | | ဦးသူရ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၆၃ | ၇၉ | ၁၂၄၂ | ၅.၆၉% |
| | | ဦးဇော်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၅ | ၅၇ | ၁၁၄၂ | ၅.၂၄% |
| ၆ | လယ်ဝေးမြို့နယ် | | | ၁၂၀၁၈၇ | ၁၃၄၀၄ | ၁၃၃၅၉၁ | |
| | | ဦးဝင်းဋ္ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃၄ | ၉၂၈၉ | ၅၇၃၂၃ | ၄၂.၉၁% |
| | | ဦးမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၇၈၅ | ၁၄၂၀ | ၂၅၂၀၅ | ၁၈.၈၆% |
| | | ဒေါ်ဖြိုးဖြိုးသွယ် | ပြည်သူ့ပါတီ | ၁၂၂၁၃ | ၆၂၇ | ၁၂၈၄၀ | ၉.၆၁% |
| | | ဦးမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၅၅၇ | ၇၄၃ | ၁၁၃၀၀ | ၈.၄၆% |
| | | ဦးစိန်ဝင်း | တစ်သီးပုဂ္ဂလ | ၁၀၃၅၃ | ၅၀၂ | ၁၀၈၅၅ | ၈.၁၃% |
| | | ဦးဇင်မင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀၀၂ | ၅၃၆ | ၉၅၃၈ | ၇.၁၄% |
| | | ဦးထွန်းမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၄၃ | ၂၈၇ | ၆၅၃၀ | ၄.၈၉% |
| ၇ | တပ်ကုန်းမြို့နယ် | | | ၉၆၇၀၈ | ၁၃၃၂၃ | ၁၁၀၀၃၁ | |
| | | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၈၃၂ | ၁၀၆၅၉ | ၅၇၄၉၁ | ၅၂.၂၅% |
| | | ဒေါ်တင်တင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၃၄ | ၉၃၆ | ၁၆၀၇၀ | ၁၄.၆၀% |
| | | ဦးနေမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၅၉ | ၆၂၁ | ၁၀၅၈၀ | ၉.၆၂% |
| | | ဦးကျော်ဝေဖြိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၆၀ | ၅၄၇ | ၁၀၁၀၇ | ၉.၁၉% |
| | | ဦးမင်းခင်ယုမောင် | ပြည်သူ့ပါတီ | ၉၇၃၆ | ၃၅၇ | ၁၀၀၉၃ | ၉.၁၇% |
| | | ဒေါ်ခင်ကျော့ကျော့ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၈၇ | ၂၀၃ | ၅၆၉၀ | ၅.၁၇% |
| ၈ | ဥတ္တရသီရိမြို့နယ် | | | ၃၀၆၆၆ | ၉၈၇၉ | ၄၀၅၄၅ | |
| | | ဦးတင်အောင်စန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၃၉ | ၈၂၃၁ | ၂၄၇၇၀ | ၆၁.၀၉% |
| | | ဦးသီဟဇော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၉၁ | ၄၈၈ | ၅၁၇၉ | ၁၂.၇၇% |
| | | ဒေါ်နှင်းသီတာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၇ | ၅၀၁ | ၃၄၃၈ | ၈.၄၈% |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဒေါ်ကြည်ကြည်ငွေး | ပြည်သူ့ပါတီ | ၂၈၀၃ | ၂၅၉ | ၃၀၆၂ | ၇.၅၅% |
| | | ဒေါ်မျိုးသီတာသိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၇၁ | ၂၄၆ | ၂၈၁၇ | ၆.၉၅% |
| | | ဦးနန်းဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၂၅ | ၁၅၄ | ၁၂၇၉ | ၃.၁၆% |
| | ကချင်ပြည်နယ် | | | | | | |
| ၉ | တနိုင်းမြို့နယ် | | | ၁၂၂၃၀ | ၂၈၄၃ | ၁၅၀၇၃ | |
| | | ဦးမြင့်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၉၅ | ၂၅၂၂ | ၇၆၁၇ | ၅၀.၅၃% |
| | | ဦးငွါးဆာဆဲ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၂၂ | ၅၀ | ၂၅၇၂ | ၁၇.၀၆% |
| | | ဦးပွင့်ဦး | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၀၆၆ | ၁၃၂ | ၂၁၉၈ | ၁၄.၅၈% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၂၀ | ၁၀၃ | ၁၈၂၃ | ၁၂.၁၀% |
| | | ဦးတင်ဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၀ | ၂၁ | ၄၉၁ | ၃.၂၆% |
| | | ဦးမြင့်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၇ | ၁၅ | ၃၇၂ | ၂.၄၇% |
| ၁၀ | ခေါင်လန်ဖူးမြို့နယ် | | | ၄၃၇၅ | ၂၉၄ | ၄၆၆၉ | |
| | | ဦးဆင်ဆုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၄ | ၁၈၈ | ၂၅၀၂ | ၅၃.၅၈% |
| | | ဦးထူဟူးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၅၄ | ၇၅ | ၁၄၂၉ | ၃၀.၆၁% |
| | | ဦးလယ်မယ်အားရွှေရမ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၁၇ | ၂၅ | ၆၄၂ | ၁၃.၇၅% |
| | | ဦးအောင်ရဲလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀ | ၆ | ၉၆ | ၂.၀၆% |
| ၁၁ | ပူတာအိုမြို့နယ် | | | ၁၉၉၀၈ | ၂၂၃၆ | ၂၂၁၄၄ | |
| | | ဦးရားနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၇၀၀ | ၁၅၄၂ | ၁၁၂၄၂ | ၅၀.၇၇% |
| | | ဒေါ်အားဒူးဒွေ့ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၃၅၃ | ၁၂၂ | ၃၄၇၅ | ၁၅.၆၉% |
| | | ဦးဒိန်ခန်ဒါဝိ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၉၄၉ | ၂၈၇ | ၃၂၃၆ | ၁၄.၆၁% |
| | | ဦးစဝ်နွဲ့နိုခမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၃၀ | ၁၀၃ | ၁၄၃၃ | ၆.၄၇% |
| | | ဒေါ်မို့မို့လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၉၄ | ၉၂ | ၉၈၆ | ၄.၄၅% |
| | | ဦးမိချယ်ဖုန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၁ | ၄၆ | ၈၈၇ | ၄.၀၁% |
| | | ဦးစန်းထွန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၄၁ | ၄၄ | ၈၈၅ | ၄.၀၀% |
| ၁၂ | မိုးညှင်းမြို့နယ် | | | ၃၂၂၀၁ | ၄၄၃၆ | ၃၆၆၃၇ | |
| | | ဦးစိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၂၁ | ၃၁၃၄ | ၁၃၆၅၅ | ၃၇.၂၇% |
| | | ဦးငွေအောင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၀၆၅ | ၆၇၄ | ၁၁၇၃၉ | ၃၂.၀၄% |
| | | ဦးကျော်ကျော်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၄၇ | ၃၀၆ | ၄၉၅၃ | ၁၃.၅၂% |
| | | ဦးလှဒင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၄၀ | ၁၈၉ | ၄၃၂၉ | ၁၁.၈၂% |
| | | ဒေါ်ဖြူမာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၈ | ၁၃၃ | ၁၉၆၁ | ၅.၃၅% |
| ၁၃ | မြစ်ကြီးနားမြို့နယ် | | | ၄၈၈၁၁ | ၆၂၁၉ | ၅၅၀၃၀ | |
| | | ဦးညွန့်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၅၇ | ၅၀၄၈ | ၂၄၆၀၅ | ၄၄.၇၁% |
| | | ဦးမရစ်ကွမ်ဂျာ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၁၀၀ | ၂၁၁ | ၆၃၁၁ | ၁၁.၄၇% |
| | | ဦးကျော်ရာဇာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၃၇ | ၂၆၁ | ၅၆၉၈ | ၁၀.၃၅% |
| | | ဦးတင်အောင်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၁ | ၂၀၁ | ၅၁၀၂ | ၉.၂၇% |
| | | ဦးစိန်ဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၅၁ | ၂၀၈ | ၃၉၅၉ | ၇.၁၉% |
| | | ဦးလန်းဘောမ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၂၁၉ | ၁၀၆ | ၃၃၂၅ | ၆.၀၄% |
| | | ဦးLဇော်ဒန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၃၂ | ၇၅ | ၂၅၀၇ | ၄.၅၆% |
| | | ဒေါ်မြတ်သန္တာငွေ | ပြည်သူ့ပါတီ | ၁၈၆၂ | ၆၃ | ၁၉၂၅ | ၃.၅၀% |
| | | ဒေါ်မာဂရက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၂ | ၄၆ | ၁၅၉၈ | ၂.၉၀% |
| | ကယားပြည်နယ် | | | | | | |
| ၁၄ | ဘောလခဲမြို့နယ် | | | ၄၀၈ | ၁၃၄၃ | ၁၇၅၁ | |
| | | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃ | ၁၂၃၆ | ၁၅၆၉ | ၈၉.၆၁% |
| | | ဦးအောင်သူသိန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၃ | ၆၅ | ၈၈ | ၅.၀၃% |
| | | ဦးမောင်ဆန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆ | ၂၀ | ၅၆ | ၃.၁၉% |
| | | ဒေါ်မာလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆ | ၂၂ | ၃၈ | ၂.၁၇% |
| ၁၅ | လွိုင်ကော်မြို့နယ် | | | ၂၇၇၉၃ | ၄၂၄၈ | ၃၂၀၄၁ | ၁၀၀% |
| | | ဦးမောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၀၈ | ၃၃၈၅ | ၁၄၄၉၃ | ၄၅.၂၃% |
| | | ဦးကျော်ကျော်မိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၂၉၅ | ၄၀၈ | ၈၇၀၃ | ၂၇.၁၆% |
| | | ဦးစောနယ်စေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၂၅ | ၂၂၁ | ၄၇၄၆ | ၁၄.၈၁% |
| | | ဦးဇော်လွင်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၈၆၅ | ၂၃၄ | ၄၀၉၉ | ၁၂.၈၀% |
| | ကရင်ပြည်နယ် | | | | | | |
| ၁၆ | ဘားအံမြို့နယ် | | | ၈၈၅၉၁ | ၁၀၄၄၂ | ၉၉၀၃၃ | |
| | | ဦးသက်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၂၁ | ၇၄၈၃ | ၃၄၁၀၄ | ၃၄.၄၄% |
| | | စောမျိုးမင်းဟန် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၈၀၃၆ | ၁၁၆၀ | ၂၉၁၉၆ | ၂၉.၄၈% |
| | | နန်းခင်သက်မာဝင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၄၀၃၈ | ၈၇၈ | ၁၄၉၁၆ | ၁၅.၀၆% |
| | | မင်းကျော်စိုး | မွန်တိုးတက်ရေးပါတီ | ၈၁၉၄ | ၃၄၅ | ၈၅၃၉ | ၈.၆၂% |
| | | နန်းအေးအေးသန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၀၆၂ | ၃၄၅ | ၈၄၀၇ | ၈.၄၉% |
| | | ဒေါ်အေမီသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၄၀ | ၂၃၀ | ၃၈၇၀ | ၃.၉၁% |
| ၁၇ | မြဝတီမြို့နယ် | | | ၁၂၄၄၉ | ၄၉၁၂ | ၁၇၃၆၁ | |
| | | ဦးခင်မောင်ချင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၅၆ | ၂၈၇၃ | ၇၉၂၉ | ၄၅.၆၇% |
| | | စောပြည်နယ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၄၄၈၈ | ၁၅၃၀ | ၆၀၁၈ | ၃၄.၆၆% |
| | | ဦးစံဝင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၇ | ၃၈၆ | ၁၈၂၃ | ၁၀.၅၀% |

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ခွန်သိန်းဦး | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၄၆၈ | ၁၂၃ | ၁၅၉၁ | ၉.၁၇% |
| ၁၈ | သံတောင်ကြီးမြို့နယ် | | | ၅၅၂ | ၁၉၆၀ | ၂၅၁၂ | |
| | | ဦးစောပောသားကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀ | ၁၆၆၁ | ၂၀၀၁ | ၇၉.၆၆% |
| | | စောပီတိုရီးနီ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၀၆ | ၂၈၃ | ၄၈၉ | ၁၉.၄၇% |
| | | ဦးသံစစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆ | ၁၆ | ၂၂ | ၀.၈၇% |
| | ချင်းပြည်နယ် | | | | | | |
| ၁၉ | တီးတိန်မြို့နယ် | | | ၃၂၀၀ | ၁၀၃၅ | ၄၂၃၅ | |
| | | ဦးဆလိုင်းအောင်ပြည့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၅ | ၆၅၇ | ၁၉၉၂ | ၄၇.၀၄% |
| | | ဦးဒဲရစ်ကမ်ဇအာလ် | ဇိုမီးအမျိုးသားပါတီ | ၁၃၇၃ | ၂၆၀ | ၁၆၃၃ | ၃၈.၅၆% |
| | | ဦးဇင်ရှင်းပြောင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၉၂ | ၁၁၈ | ၆၁၀ | ၁၄.၄၀% |
| ၂၀ | ဟားခါးမြို့နယ် | | | ၁၆၀၅ | ၁၂၂၉ | ၂၈၃၄ | |
| | | ဦးဗန်နီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၆၇ | ၁၀၄၀ | ၂၀၀၇ | ၇၀.၈၂% |
| | | ဦးရှိဘင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၅၂ | ၁၄၄ | ၅၉၆ | ၂၁.၀၃% |
| | | ဦးကံလင်း | ခူမီးအမျိုးသားပါတီ | ၁၈၆ | ၄၅ | ၂၃၁ | ၈.၁၅% |
| | မွန်ပြည်နယ် | | | | | | |
| ၂၁ | ကျိုက်ထိုမြို့နယ် | | | ၂၀၉၅၉ | ၂၃၈၃ | ၂၃၃၄၂ | |
| | | ဦးစိုးလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၆၈၀ | ၁၉၃၆ | ၁၀၆၁၆ | ၄၅.၄၈% |
| | | ဒေါ်မမကြီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၆၁၂ | ၂၄၃ | ၅၈၅၅ | ၂၅.၀၈% |
| | | ဦးသူဘိုထွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၉၉၀ | ၈၁ | ၄၀၇၁ | ၁၇.၄၄% |
| | | ဦးသက်ပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၇၇ | ၁၂၃ | ၂၈၀၀ | ၁၂.၀၀% |
| ၂၂ | ကျိုက်မရောမြို့နယ် | | | ၁၆၃၈၉ | ၄၆၆၆ | ၂၁၀၅၅ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၅၃ | ၄၂၂၆ | ၁၀၆၇၉ | ၅၀.၇၂% |
| | | ဒေါ်မြင့်မြင့်ဝေ | မွန်ညီညွတ်ရေးပါတီ | ၄၂၄၅ | ၂၁၉ | ၄၄၆၄ | ၂၁.၂၀% |
| | | ဒေါ်ချိုချိုအေးအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၇ | ၆၆ | ၂၁၈၃ | ၁၀.၃၇% |
| | | ဦးမင်းကိုကိုထွန်း | ပြည်သူ့ပါတီ | ၂၀၇၆ | ၈၄ | ၂၁၆၀ | ၁၀.၂၆% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၇၄ | ၅၄ | ၁၀၂၈ | ၄.၈၈% |
| | | ဒေါ်သန္တာဟိန်းဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၄ | ၁၇ | ၅၄၁ | ၂.၅၇% |
| ၂၃ | ချောင်းဆုံမြို့နယ် | | | ၄၈၆၄၄ | ၂၉၇၁ | ၅၁၆၁၅ | |
| | | ဦးစိုးသူ | မွန်ညီညွတ်ရေးပါတီ | ၂၂၈၇၅ | ၇၅၅ | ၂၃၆၃၀ | ၄၅.၇၈% |
| | | ဦးမျိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆၂ | ၂၀၁၇ | ၂၀၆၇၉ | ၄၀.၀၇% |
| | | ဦးအောင်ကိုကို | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၆၇၈ | ၁၂၈ | ၄၈၀၆ | ၉.၃၁% |
| | | ဒေါ်သဲသဲအိလွင်ပိုကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၉ | ၇၁ | ၂၅၀၀ | ၄.၈၄% |
| ၂၄ | မော်လမြိုင်မြို့နယ် | | | ၈၅၃၈ | ၅၃၇၇ | ၉၀၉၁၅ | |
| | | ဒေါ်ဥမ္မာဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၀၉၇ | ၃၇၉၉ | ၃၀၈၉၆ | ၃၃.၉၈% |
| | | ဦးဖုန်းဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၄၇၁၃ | ၅၉၉ | ၂၅၃၁၂ | ၂၇.၈၄% |
| | | ဒေါ်ခင်သဉ္ဇာမော် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၀၅၆ | ၂၇၁ | ၁၁၃၂၇ | ၁၂.၄၆% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၅၁ | ၂၅၆ | ၆၂၀၇ | ၆.၈၃% |
| | | ဦးလင်းရောင်ခြည် | ပြည်သူ့ပါတီ | ၆၀၃၀ | ၁၆၃ | ၆၁၉၃ | ၆.၈၁% |
| | | ဦးရဲဟိန်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၀၇ | ၁၇၀ | ၅၄၇၇ | ၆.၀၃% |
| | | ဦးဘုန်းဆုမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၀၂ | ၈၀ | ၂၈၈၂ | ၃.၁၇% |
| | | ဒေါ်သီတာထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၈၂ | ၃၉ | ၂၆၂၁ | ၂.၈၈% |
| ၂၅ | သထုံမြို့နယ် | | | ၄၁၆၂၀ | ၄၂၆၀ | ၄၅၈၈၀ | |
| | | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၅၁ | ၃၄၄၂ | ၁၉၇၉၃ | ၄၃.၁၄% |
| | | ဒေါ်စုစုပြုံး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၆၁၄၇ | ၂၁၂ | ၆၃၅၉ | ၁၃.၈၆% |
| | | ဦးမောင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၂၈ | ၂၁၈ | ၆၃၄၆ | ၁၃.၈၃% |
| | | ဦးသန်းဝေ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၄၆ | ၁၆၄ | ၆၂၁၀ | ၁၃.၅၄% |
| | | ဒေါ်အိအိချော | ပြည်သူ့ပါတီ | ၄၁၃၀ | ၁၀၈ | ၄၂၃၈ | ၉.၂၄% |
| | | ဒေါ်သီတာခင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၁၈ | ၁၁၆ | ၂၉၃၄ | ၆.၃၉% |

## ကန့်ဘလူမြို့နယ်၌ U25 အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**ကန့်ဘလူ ဇန်နဝါရီ ၂**

ကန့်ဘလူမြို့နယ်၌ U25 အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကန့်ဘလူမြို့မ အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်ပေးအပ်**

U25 အမျိုးသမီးဖူဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက(ခွဲ)ညောင်အိုင်အသင်းနှင့် ရဲမာန် ကိုယ်ပိုင်ကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(ခွဲ)ညောင်အိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးမောင်ဆန်းက ဒုတိယဆုရ ရဲမာန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမျိုးက ဆုချီးမြှင့်ငွေကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးက ပထမဆုရ အထက(ခွဲ) ညောင်အိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်မင်းထွန်းက ဆုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက ပထမဆုရ တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)




သနပ်ပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၃၀ ရက်က အခြေခံပညာအထက်တန်းကျောင်း(သနပ်ပင်)၌ ကျောင်းသားကျောင်းသူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးစဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

○ ရှေ့ဖုံးမှ

ရေဧကပေ ၃၅၀၀၀၀ ခန့် သိုလှောင်နိုင်သည့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းအနေဖြင့် လျှပ်စစ် တပ်ဆင်ခါတ်အား ၁၀ မဂ္ဂါဝပ် (၅ မဂ္ဂါဝပ် x ၂ လုံး)ဖြင့် နှစ်စဉ်လျှပ်စစ် စွမ်းအင် ၂၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လွှတ်ရေများကို ဆက်သွယ်မြောင်းမှတစ်ဆင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့သို့ ရေကူဖြည့်သွင်းပေးနိုင်မည်ဖြစ်၍ အဆိုပါရေလှောင်တမံနှစ်ခုတို့မှ ရေအားလျှပ်စစ် ပိုမိုတိုးမြှင့်ထုတ်လွှတ်နိုင်မည်ဖြစ်ကာ ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားလက်ယာမြောင်း ရေသောက်စနစ်ရှိ လယ်မြေဧရိယာဧက ၁၂၀၀၀ ခန့်၌ သီးထပ်စိုက်ပျိုးခြင်းအတွက် ရေဖူလုံစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်ပြီးစီးမှု၊ ရေသိုလှောင်ထားရှိမှုနှင့် ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ခါတ်အားများ စမ်းသပ်ထုတ်လွှတ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ရေအားလျှပ်စစ်စက်ရုံလုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်ရေးနှင့် ရေအားလျှပ်စစ်စက်ရုံလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် အင်ဂျင်နီယာလုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးရန် သက်ဆိုင်ရာ ပညာရှင်များ၊ ဌာနအဖွဲ့အစည်းများ ကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းခမ်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြောင်းသီးနှံစိုက်တောင်သူများအား တွေ့ဆုံ၍ စီမံကိန်းဧရိယာအနီးရှိ ကျိုင်းခမ်း၊ မက်မီး၊ ဟိုနားကျေးရွာများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ အစဉ်သဖြင့် ရရှိစေရန် ရေရှိရေးဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့် လျှပ်စစ်ခါတ်အား အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူ့ဝင်ငွေတိုးပွားရေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထုတ်ကုန်ပစ္စည်းများတွင် ကုန်ကြမ်းပစ္စည်းအမျိုးအမည်များကို ထုပ်ပိုးပစ္စည်းအပေါ်တွင် စားသုံးသူများသိရှိအောင် ထည့်သွင်းဖော်ပြ

နေပြည်တော် ဇန်နဝါရီ ၂

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကောင်စီဝင် ဦးဇေယျာလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ဖောင်တော်ချက်မစေတီဝင်းအတွင်း၌ လယ်ဝေးမြို့နယ်အတွင်းရှိ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး ငွေကြေးအရင်းအနှီးရရှိရေးအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအလိုက် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း၊ MSME များသည် နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီး၏ စီးပွားရေးကို ၉၀ ရာခိုင်နှုန်းကျော် အထောက်အကူပြုလျက်ရှိကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သဖြင့် MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူပြည်သူများ သိရှိနိုင်ရေးအတွက် ယခုလို ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း။

ထို့ပြင် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေသည့် လုပ်သားများ၏ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်သားများအား မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များကို ဒေသအရောက်သွားရောက်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် စားသုံးသူပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး သတ်မှတ်ထားသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများတွင် အသုံးပြုထားသည့် ကုန်ကြမ်းပစ္စည်း



အမျိုးအမည်များကို ထုပ်ပိုးပစ္စည်းအပေါ်တွင် စားသုံးသူများ သိရှိအောင် ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်ဟု ရည်မှန်းချက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယခု ကျင်းပသည့် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်မှ လေးရက်အထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြပွဲတွင်ထုတ်ကုန်ပစ္စည်းအမျိုးအစား ၁၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ထားဝယ်မြို့၌ ပြိုင်ပွဲဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းအလှများအား အကဲဖြတ်အမှတ်ပေး

**ထားဝယ် ဇန်နဝါရီ ၂**

၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းအလှများအား အကဲဖြတ်အမှတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်သီးဝလံများ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထိုက်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အမှတ်ပေးစနစ်အား ရှင်းလင်းတင်ပြကာ အကဲဖြတ်ဒိုင်များက ပြိုင်ပွဲဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းအလှများအား စိစစ်ရွေးချယ် အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက် (အလုံးလိုက်)၊ သစ်သီးဝလံ (အလုံး/အခိုင်လိုက်)နှင့် ပန်းအလှ စသည်ဖြင့် အမျိုးအစား သုံးမျိုးခွဲ၍ ယှဉ်ပြိုင်ခဲ့ကြပြီး ဇန်နဝါရီ ၃ ရက် ပြိုင်ပွဲတစ်ခုစီတွင် ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀ နှင့် တတိယဆု ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ**

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေး၏တန်ဖိုးနှင့် အနှစ်သာရ

လွန်းပိုးအိမ်

**ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့်အခါ ပိုသိရသကဲ့သို့ လွတ်လပ်ခြင်း၏ တန်ဖိုးအနှစ်သာရကို လွတ်လပ်ရေးဆုံးရှုံးသည့်အခါမှ ပိုမိုသိရှိကြလိမ့်မည်ဖြစ်သည်။ စာရေးသူသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းမှသာ မွေးဖွားလာသည့်အတွက် သူ့ကျွန်ဘဝရောက်ရှိစဉ် အတွေ့အကြုံများကို သမိုင်းစာမျက်နှာများမှ ပညာရှင်များ ရေးသားသော စာအုပ်စာတမ်းများကို ဖတ်ရှုခဲ့ရပြီး စာသိ၊ တစ်ဆင့် အသိများဖြင့်သာ သိရှိခဲ့ရပါသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အဖြစ်သနစ်များ၊ နာကြည်းကြေကွဲဖွယ်ခံစားမှုများကို စာပေများထဲမှသာ ဖတ်ရှုလေ့လာခဲ့ရဖူးပါသည်။**

လွတ်လပ်ရေးဟုဆိုရာဝယ် ဆရာကြီးမင်းသုဝဏ်၏ ကြေကွဲဖွယ်ခံစားမှုကို ရေးသားဖော်ပြလိုပါသည်။ ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၆ ခုနှစ်တွင် အစိုးရပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်သို့ သွားရောက်ခွင့်ရခဲ့သည်။ စူးအက်မြို့တွင် ကျောက်ချရပ်နားစဉ် အီဂျစ်အစိုးရမှ မော်တော်ဘုတ်ဖြင့် သင်္ဘောကို လာရောက်စစ်ကြရာ မော်တော်ဘုတ်တွင်ပါသော အီဂျစ်အလံကို အလေးပြုခဲ့ရသည့်အဖြစ်ကို တွေးမိသည့်အတွက် ဆရာကြီး၏ စိတ်ထဲတွင် အလွန်ဝမ်းနည်းကြေကွဲခဲ့ရသည်။ အင်္ဂလန်ရောက်သည့်အခါတွင်လည်း လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်သည့် လူမျိုးများကို တွေ့ရသည်။ လွတ်လပ်သည့် နိုင်ငံများသို့ သွားရောက်လေ့လာလည်ပတ်ပြီးတိုင်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် အားမလိုအားမရဖြစ်ပြီး ရင်ထဲ၌ ဆို့နင့်ကြေကွဲရပုံကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ မလွတ်လပ်သေးမီက ကမ္ဘာပေါ်ရှိ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သည့် လူမျိုးတို့နှင့် ထိတွေ့ဆက်ဆံရသူတို့၏ ရင်ထဲမှ ကိုယ်တွေ့ခံစားမှုတစ်ခုပင် ဖြစ်ပါသည်။

နည်းပရိယာယ်မျိုးစုံတို့ဖြင့် လွှမ်းမိုးချုပ်ကိုင်နေသော နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးသည် ပြောသလောက် မလွယ်ကူလှပေ။ ကာလအကန့်အသတ်မရှိ တော်လှန်ရသော လုပ်ငန်းဖြစ်၍ အပျော်တမ်းနိုင်ငံရေးအမြင်ဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ မဆုတ်မနစ်သောဇွဲ၊ အနိုင်မခံ အရှုံးမပေးသောစိတ်၊ ရဲရင့်နီစွေးသောသတ္တိများဖြင့် တည်ဆောက်ထားခဲ့ရခြင်းဖြစ်သည်။ တိုင်းရင်းသားများသည် အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားပြီး အနစ်နာခံမှုများကို အရင်းတည်ကာ ကြိုးပမ်းအားထုတ်ခဲ့ကြသည်ကိုလည်း အတိတ်သမိုင်းကြောင်းများကို ပြန်ပြောင်းလေ့လာကြည့်ပါက ဂုဏ်ယူဖွယ်ရာများနှင့် သင်ခန်းစာယူဖွယ်များစွာကို တွေ့ရပါလိမ့်မည်။

မြန်မာနိုင်ငံကို နယ်ချဲ့တို့က ကျူးကျော်စစ်အမျိုးမျိုးဖြင့် ရန်ပြုလာကြသည်။ ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်မှသည် ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်အပြီး နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရတော့၏။

- ❑ **ပြည်ထောင်စုသားများအနေဖြင့် ပြည်ထောင်စု၏ ဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးကြရမည့်အပြင် ဘာသာအချင်းချင်း၊ လူမျိုးအချင်းချင်းတွင် ရှိနေသော ဘာသာရေးစည်းမျဉ်းများ၊ လူမျိုးရေးထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှုအဖြာဖြာတို့ကိုလည်း ထောက်ထားလေးစားရပါမည်**
- ❑ **လွတ်လပ်ရေးကို ရယူစဉ်က တိုင်းရင်းသားတို့၏ ညီညွတ်ရေးလက်နက်ကို အသုံးပြုခဲ့သည့်နည်းတူ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည်စည်ပင် သာယာဝပြောရေးတို့တွင်လည်း ပြည်ထောင်စုသားတို့၏ ညီညွတ်ရေးကိုပင် အသုံးပြုရပါမည်**

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတတို့ ပေါကြွယ်ဝသည့် ရွှေနိုင်ငံဖြစ်ပေရာ တွင်းထွက်ပစ္စည်းအမျိုးမျိုးတို့က နယ်ချဲ့တို့ မျက်စိကျစရာ ဖြစ်ခဲ့သည်။ မြန်မာ့ကျွန်းသစ်ကလည်း နေရာမလပ်ပေါက်ရောက်လျက်ရှိရာ နယ်ချဲ့တို့အနေဖြင့် လက်မလွှတ်နိုင်ခဲ့သည်မှာ မဆန်းလှပေ။ သို့သော် မြန်မာတိုင်းရင်းသားတို့မှာ ဒူးမထောက်၊ လက်မမြှောက်၊ အရှုံးမပေးဘဲ ရရာလက်နက်ဆွဲကိုင်၍ တော်လှန်တိုက်ပွဲများ ဆင်နွှဲလျက် လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့သည် ရေ၊ မြေ၊ သယံဇာတ ပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးခဲ့သော်လည်း စိတ်ဓာတ်ကို အရှုံးမခံ။ အင်္ဂလိပ်တို့မှာလည်း မြန်မာ့ရေမြေကိုသာ သိမ်းပိုက်နိုင်ပြီး မြန်မာတို့၏ သခင်စိတ်ကိုတော့ မသိမ်းပိုက်နိုင်ခဲ့ပေ။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လူပုဂ္ဂိုလ်များသာမက ရဟန်းသံဃာတော်များကလည်း မှတ်တမ်းတင်ရလောက်အောင် ဇာတိမာန်ဝင့်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဆရာတော်ဦးဥတ္တမ၏ "ကရက်ဒေါက်ထွက်သွား"ဟူသော မိန့်ဆိုချက်မှာ ရဲရဲတောက်သတ္တိကို ပြခဲ့သည်။ ဆရာတော် ဦးဝိစာရသည်လည်း ၁၆၆ ရက်မျှကြာအောင် အစာငတ်ခံဆန္ဒပြရင်း ပျံလွန်တော်မူခဲ့သည်။ "လိမ္မာရစ်ကြပါ" ဟူသည့် မိန့်မှာချက်က မြန်မာတို့ နှလုံးသည်းပွတ်တွင် ရင်နင့်ကြေကွဲခဲ့ရသလို အနိုင်မခံအရှုံးမပေး ဇာတိမာန်လည်း တက်ကြွစေခဲ့ပါသည်။

လွတ်လပ်ရေးဗိမာန်ကြီး တည်ဆောက်ရာတွင် နှလုံးရည်အားသက်သက်ဖြင့် မရဘဲ လက်ရုံးအင်အားဖြင့်ပါ တည်ဆောက်ရမည်ကို သတိမူမိကြသော သခင်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့၏အကူအညီကို ရယူကာ နယ်ချဲ့ကို ထိုးစစ်ဆင်တိုက်ထုတ်ခဲ့ကြသည်။ သို့သော် တရားဝင် လွတ်လပ်ရေးကိုမရ၊ ရွှေရည်စိမ် လွတ်လပ်ရေးကိုသာ ရခဲ့၏။ မြန်မာတို့သည် ကိုယ့်အားကိုယ်ကိုးမှ ကိုယ်သာလျှင် သခင်ဖြစ်တော့မည့်ထုံးကို နှလုံးမူကြရတော့သည်။ နယ်ချဲ့တို့သည် တောင်တန်းနှင့် ပြည်မကို သွေးခွဲသပ်လျှိုကြ၏။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူလိုကြောင်း ရှမ်းပြည်နယ် ပင်လုံမြို့၌ စည်းလုံးညီညွတ်စွာ စာချုပ်ချုပ်ဆိုခဲ့ကြသည်။

တိုင်းတစ်ပါးသားတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာခဲ့သည့် အမိမြန်မာနိုင်ငံသည် (၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်) ခရစ်နှစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၄နာရီ မိနစ် ၂၀ အချိန်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၈) နှစ်မြောက် ရက်မြတ်နေ့လည်း ဖြစ်ပါသည်။

ထိုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများအဖို့ ထူးမြတ်သော နေ့တစ်နေ့ဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ရွာများတွင် ထိုနေ့ကို မှတ်တမ်းတင်သော မော်ကွန်းကျောက်စာတိုင်များ စိုက်ထူကြပြီးလျှင် "ဤသက္ကရာဇ် တစ်ထောင့်သုံးရာ ကိုးခုနှစ်၊ ပြာသိုလဆုတ် (၉) ရက်၊ တနင်္ဂနွေနေ့၌ ငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ်ကောင်းစွာရောက်သတည်း" ဟု ကမ္ပည်းထိုးထားကြသည်။

မြန်မာနိုင်ငံအောက်ပိုင်း၌ နှစ်ပေါင်း ၁၀၀ ကျော်မျှ၊ မြန်မာနိုင်ငံအထက်ပိုင်း၌ နှစ်ပေါင်း ၆၀ ကျော်မျှ နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုကို ခံခဲ့ကြရပြီးနောက် မြန်မာခေါင်းဆောင်ကြီးများ၏ အမျိုးမျိုးသော ကြိုးပမ်းမှုတို့ကြောင့် ရရှိခဲ့သော ဤလွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်မှာ ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးအထိမ်းအမှတ်ပွဲများ ဆင်ယင်ကျင်းပကြသည်။ ထိုအထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်၌ စုဝေးကြ၍ ပြည်ထောင်စုတည်မြဲရေး တိုးတက်ရေးကို မမေ့မလျော့ ဆောင်ရွက်ရန် အဓိဋ္ဌာန်များ ပြုလေ့ရှိကြသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြိုင်ပွဲအမျိုးမျိုးကိုလည်း တခမ်းတနား ဆင်ယင်ကျင်းပကြပြီး အစိုးရကလည်း နိုင်ငံ၏တာဝန်ကို ထူးချွန်စွာ ထမ်းဆောင်သူတို့အား ဘွဲ့ထူးဂုဏ်ထူးနှင့် ဆုလာဘ်များ ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှသာ မွေးဖွားကြီးပြင်းလာခဲ့ရသူများမှာ ကံထူးသူများဟု ပြောရပါလိမ့်မည်။ လွတ်လပ်သည့်လူဖြစ်ရခြင်း၊ အဖိနှိပ်ခံကျွန်ဘဝမှ လွတ်မြောက်ခြင်းတို့ကို တန်ဖိုးထားရပါမည်။ ဤနေရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့် တန်ဖိုးအနှစ်သာရကို သတိပြုသင့်ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၊ ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းဖြစ်ပါသည်။ **"လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ။ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့၊ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။ ဥပမာ ခင်ဗျားစီးပွားရေးဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ တိုင်းပြည်တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျားလွတ်လွတ်လပ်လပ် လုပ်နိုင်တဲ့အခြေအနေရှိရမယ်"**ဟု ဆိုခဲ့ပါသည်။ လွတ်လပ်ပြီဆိုပြီး လူသွားလမ်းပေါ်မှာ ဆေးရိုးလှန်းတာမျိုး မဖြစ်ရအောင် သတိပြုရပါမည်။

ထို့ကြောင့် လွတ်လွပ်ရေးနေ့၏ တန်ဖိုးအနှစ်သာရကို အလေးထားကြရပါမည်။ ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်၊ မိမိတို့၏ အမျိုးသားရေးလက္ခဏာ(National Identity)ကိုလည်း တန်ဖိုးထားရပါမည်။ အရာရာတွင် မမေ့မလျော့ မပေါ့မဆ မနေသင့်ပါ။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသိတရားရှိရှိနှင့် ထိန်းသိမ်းကာကွယ်ကြရပါမည်။ သို့မှသာ လွတ်လပ်ခြင်း၏ အနှစ်သာရကို အပြည့်အဝခံစားကြရမည် ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည့် မြန်မာနိုင်ငံအတွက် ရေးသားခဲ့သည့် လွတ်လွပ်ရေးကြေညာစာတမ်းနှင့် အဓိဋ္ဌာန်ကို ကြည့်လျှင် လွတ်လပ်ရေးခေါင်းဆောင်များ၏ မြင့်မြတ်တဲ့စိတ်ထား၊ အမြော်အမြင်နှင့် တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိသည့် စေတနာနှင့် အနစ်နာခံမှုများကို အထင်အရှား တွေ့မြင်နိုင်ပါသည်။ လွတ်လပ်ရေးကြေညာစာတမ်းထဲတွင် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာနှင့် တန်းတူအခွင့်အရေး တူညီသည့် နိုင်ငံတော်ကို ထူထောင်လိုက်သည်ဆိုသည့် အချက်ပါဝင်သလို လွတ်လပ်ရေးနေ့ သစ္စာဓိဋ္ဌာန် (၉) ချက်ထဲတွင်လည်း လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်ဆိုသည့် အချက်ကို ဖော်ပြထားပါသည်။

စာမျက်နှာ ၁၁ သို့

**" ပြည်ထောင်စုအတွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာဝင်အချင်းချင်းတို့သည် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံနေထိုင်ကြလျက် မိမိတို့ တတ်နိုင်သည့်ဘက်က ပြည်ထောင်စုကြီး၏အကျိုးကို စုပေါင်း၍ သယ်ပိုး ထမ်းဆောင်ကြရန် လိုအပ်ပါသည်။ မိမိတို့ဘိုးဘွားဘီဘင်များ၏ အသက်သွေး ချွေးပေါင်းများစွာဖြင့် တည်ဆောက်ထားခဲ့ရသော လွတ်လပ်ရေးဗိမာန်ကြီးကို ရွှေရောင်တဝင်းဝင်းဖြင့် မိုးယံသို့တိုင် မြင့်သီခေါင်ဖျား ကြွားကြွားဝင့်ဝင့်၊ တင့်တင့်တယ်တယ်၊ လုပထည်ဝါ ခိုင်မာတောင့်တင်းစေရန်အတွက် မျိုးဆက်သစ်လူငယ် လူရွယ်များက လက်ဆင့်ကမ်းတာဝန်ယူ တည်ဆောက်သွားရမည် "**

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ရွှေခေတ်ဆီသို့

* ဇန်နဝါရီ လေးရက်က
လေးနက်လှ ရက်မဟာ။
တို့နိုင်ငံ လွတ်လပ်ရေး
မွေးနေ့ချိန်ခါ။
သဘင်ပွဲကိုလ
ဆင်နွှဲကြ ပျော်ရွှင်စွာ
တိုင်းပြည်ရွာ အနှံ့အပြား။
ပီတိအလျှဉ်တငြိမ့်ငြိမ့်
ငြိမ့်ငြိမ့်စည်ကား။

* တို့နိုင်ငံ လွတ်လပ်ရေး
မွေးဖွားဖို့ ကာလကြာ။
ဘိုးဘွားတွေ အသက်သွေးချွေး
ပေးစွန့်ရတာ။
"လွတ်လပ်ရေး ရဖို့ရာ
ခက်ခဲကာ ခရီးကြမ်း"။
"ကျားကုတ်ကျားခဲ မြဲမြဲစွာ
လက်တွဲကာ မညည်းစတမ်း"။
ရဟန်းရှင်လူ ပြည်သူများ
အားစိုက်ကြိုးပမ်း။

* ဘိုးဘွားတွေ အမွေပေးခဲ့
လွတ်လပ်ရေး အစွန့်ရှည်။
ကမ္ဘာ့အလယ် ထည်ဝါခဲ့လို့
တည်တံ့ရမည်။
"အရေးသုံးပါး ဦးတည်
ခိုင်ကျည်တဲ့ လုံ့လဖွဲ့"။
"ရွှေခရီး ရွှေခေတ်ဆီ
ခြေလှမ်းညီ အတူနွှဲ"။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို
တိုးတက်ကာ စည်သာဖြိုးအောင်
ဆောင်ပိုးမှာပဲ။ ။

***မောင်ကျော်(ပညာရေး)***

## ဆိပ်ဖြူမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ဆိပ်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများပူးပေါင်းပြီး ဇန်နဝါရီ ၁ ရက်မှစတင်၍ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲများ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲအုပ်စု ပတ်လည်ပြိုင်ပွဲများ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနည်းများအလိုက်ပြိုင်ပွဲ ၂၁ မျိုးဖြင့် ဇန်နဝါရီ ၄ ရက်အထိ အားကစားပြိုင်ပွဲနှင့်



ပျော်ပွဲရွှင်ပွဲကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

(၂-၁-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့(ရှမ်း/တောင်) | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

*စာမျက်နှာ ၁၀ မှ*

လွတ်လပ်သော တိုင်းသူပြည်သားတို့ မည်သည်စည်းကမ်းသေဝပ်ရပါမည်။ မိမိတို့ တိုင်းပြည်၏ အခြေခံဥပဒေ၊ တရားဥပဒေ၊ စည်းကမ်းဥပဒေမှစ၍ မိမိတို့သက်ဝင်ယုံကြည်သော ဘာသာ၊ သာသနာ၏ စည်းမျဉ်းဥပဒေ၊ ယဉ်ကျေးမှု၊ စည်းကမ်းများကိုပါ အခြားသူများထက် ပိုမိုကျင့်သုံးသိရှိလိုက်နာပြီး လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စအဝဝနှင့် ပြဿနာအဖြာဖြာတို့ကိုလည်း စည်းမျဉ်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရပါမည်။ ဤကဲ့သို့ စည်းကမ်းသေဝပ်၍ မြင့်မြတ်သော အရည်အချင်းနှင့် ပြည့်စုံသူများသည်သာလျှင် လွတ်လပ်သော နိုင်ငံသားများ ပီသနိုင်ကြပါမည်။

ပြည်ထောင်စုသားများအနေဖြင့် ပြည်ထောင်စု၏ ဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးကြရမည့်အပြင် ဘာသာအချင်းချင်း၊ လူမျိုးအချင်းချင်းတွင် ရှိနေသော ဘာသာရေးစည်းမျဉ်းများ၊ လူမျိုးရေးထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှုအဖြာဖြာတို့ကိုလည်း ထောက်ထားလေးစားရပါမည်။

လွတ်လပ်ရေးကို ရယူစဉ်က တိုင်းရင်းသားတို့၏ ညီညွတ်ရေးလက်နက်ကို အသုံးပြုခဲ့သည့်နည်းတူ ပြည်ထောင်စုကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည်စည်ပင် သာယာဝပြောရေးတို့တွင်လည်း ပြည်ထောင်စုသားတို့၏ ညီညွတ်ရေးကိုပင် အသုံးပြုရပါမည်။

သို့ဖြစ်ရာ ပြည်ထောင်စုအတွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာဝင်အချင်းချင်းတို့သည် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံနေထိုင်ကြလျက် မိမိတို့ တတ်နိုင်သည့်ဘက်က ပြည်ထောင်စုကြီး၏ အကျိုးကို စုပေါင်း၍ သယ်ပိုးထမ်းဆောင်ကြရန် လိုအပ်ပါသည်။ မိမိတို့ဘိုးဘွားဘီဘင်များ၏ အသက်သွေးချွေးပေါင်းများစွာဖြင့် တည်ဆောက်ထားခဲ့ရသော လွတ်လပ်ရေးဗိမာန်ကြီးကို ရွှေရောင်တဝင်းဝင်းဖြင့် မိုးယံသို့တိုင် မြင့်သီခေါင်ဖျား ကြွားကြွားဝင့်ဝင့်၊ တင့်တင့်တယ်တယ်၊ လှပထည်ဝါခိုင်မာတောင့်တင်းစေရန်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်များက လက်ဆင့်ကမ်းတာဝန်ယူ တည်ဆောက်သွားရမည်ဖြစ်ပါကြောင်းလည်း တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။







# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ "(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်" ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ဘားအံမြို့နယ် ကမော့ကစင်ကျေးရွာ(နောင်ခရိုင် ကွင်းအမှတ်-၃) ကုန်ထုတ်လမ်းသစ်ဖွင့်

**ဘားအံ ဇန်နဝါရီ ၂**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၄၃၉ သန်းဖြင့် စိုက်ကေပေါင်း ၁၀၀ ကျော်ကို အကျိုးပြုနိုင်မည့် ဘားအံမြို့နယ် ကမော့ကစင်ကျေးရွာ (နောင်ခရိုင်ကွင်းအမှတ်-၃) ကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်းနှင့် ပြည်နယ်ဝန်ကြီးများက အရှည် ငါးဖာလုံခွဲ၊ အကျယ် ၁၂ ပေ၊ Box Culvert နှစ်စင်းပါဝင်သော ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြကာ ကုန်ထုတ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကမော့ကစင်ကျေးရွာ ကုန်ထုတ်လမ်းသစ်မှတစ်ဆင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမို အဆင်ပြေလာစေသလို ပြည်တွင်း၊ ပြည်ပခရီးသွားများ အနေဖြင့် ပြည်နယ်၏ အောင်မြင်ဖြစ်ထွန်းနေသော စိုက်ပျိုးရေးကဏ္ဍနှင့် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကိုပါ လေ့လာနိုင်ပြီး ဒေသထွက်အစားအစာများ၊ ထုတ်ကုန်များကိုအမှတ်တရ ဝယ်ယူနိုင်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့များ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကုန်ထုတ်လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော တောင်သူဦးကြီးများနှင့် ဒေသခံပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ ယခင်က မိုးတွင်းအခါ ရေလွှမ်းမိုးမှုရှိသဖြင့် ထုတ်ကုန်များ အလွယ်တကူသယ်ပို့နိုင်မှုမရှိခြင်းကြောင့် လမ်းသားမြှင့်တင်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကမော့ကစင်ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ စိုက်ပျိုးတောင်သူများအနေဖြင့် ထုတ်ကုန်များကို လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်သည့်အပြင် လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌၂၀၂၆ခုနှစ်(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့်ဂီတဖျော်ဖြေပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲဖွင့်ပွဲကိုယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးမျိုးမြင့်အောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသား ရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ MSME ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိနေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို သိရှိနိုင်စေရန် Talk show အစီအစဉ်အဖြစ် နည်းပညာနှင့် ချေးငွေရရှိရေးဆိုင်ရာစကားဝိုင်း၊ အများပြည်သူများ မိသားစုအလိုက် ဈေးပွဲတော်အတွင်း လာရောက်ပါဝင်ဆင်နွှဲနိုင်စေရန် ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ လွတ်လပ်ရေးနေ့တွင် မီးပုံးပျံလွှတ်တင်မည့်အစီအစဉ်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း အစီအစဉ်တို့ပါဝင်သည့်အပြင် ပွဲတော်လာ ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အလှူရှင်များက စတုဒိသာ ကျွေးမွေးကြမည်ဖြစ်ပြီး သွားလာရေး အဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇော်မင်းလတ်-ကျော်ကြီး-MNA**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ (ပထမနေ့ည) ကျင်းပ

ပဲခူး ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ (ပထမနေ့ည) ကို ယမန်နေ့ညပိုင်းက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အမှူးပြုသော တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်စာချဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ထံမှ တရားတော်များ နာယူကြည်ညိုကြပြီး ဆရာတော်ကြီးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဓမ္မပူဇာ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက တောင်ဥက္ကလာပမြို့နယ် လက်ဝှေ့ဆပ်ကော်မတီ လက်ဝှေ့အားကစားရုံ Yangon Boxing Training Camp ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီး(၄၈) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး(၅၄) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသားသက်ငယ်(၄၄) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသားသက်ငယ်(၄၆) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသားသက်ငယ် (၄၈) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား သက်ငယ်(၅၀) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၆) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီးအထူးပြိုင်ပွဲတို့တွင် မြို့နယ်များမှ ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရရှိခဲ့ကြသည့် အားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားသက်ငယ်တန်း အကောင်းဆုံးဆု၊ အမျိုးသမီးအကောင်းဆုံးဆုနှင့် အမျိုးသားအကောင်းဆုံးဆု၊ ဒိုင်အဖွဲ့နှင့် တံခွန်စိုက်ဆုဖလားရရှိသည့် မင်္ဂလာဒုံမြို့အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် အသင်းလိုက် တံခွန်စိုက်ဆုဖလားပေးအပ်ပြီး အားကစားသမားများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

## သာစည်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး မွမ်းမံသင်တန်းနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း မွမ်းမံသင်တန်းဖွင့်လှစ်

သာစည် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး မွမ်းမံသင်တန်းနှင့် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း မွမ်းမံသင်တန်းတို့ကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်သည် ယမန်နေ့က မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

တိုင်းဒေသကြီးတာဝန်ခံနှင့်အဖွဲ့သည် သာစည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝန်ဇင်းမင်းရာဇာခန်းမတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော မဲရုံမှူး၊ ဒုတိယမဲရုံမှူး မွမ်းမံသင်တန်းကို သွားရောက်ကြည့်ရှုကာ တိုင်းဒေသကြီးတာဝန်ခံက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ချပြရှင်းလင်းဆွေးနွေးကာ အခက်အခဲမရှိစေရေး လိုအပ်သည်များ မှာကြားပြီး မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများ အခက်အခဲမရှိစေရန် ပို့ချပေးသော သင်ခန်းစာများကို အလေးထားလိုက်နာပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားသည်။



ထို့နောက် မြို့နယ်ခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိသော မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းမွမ်းမံသင်တန်းသို့ သွားရောက်ကာ တိုင်းဒေသကြီးတာဝန်ခံနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က သင်တန်းသားများ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများကို ချပြရှင်းလင်းဆွေးနွေးပြီး အခက်အခဲမရှိစေရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သံဖြူဇရပ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သံဖြူဇရပ် ဇန်နဝါရီ ၂

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ဘုရင့်နောင်) ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် (မွန်ပြည်နယ်တာဝန်ခံ)၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သံဖြူဇရပ်တပ်နယ်မှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) က လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းချပြပြီး ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြို့နှင့် အဖွဲ့ဝင်များက ပြည်သူအားလုံး မဲပေးနိုင်ရေး၊ မဲရုံလုပ်ငန်းများ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်၊ မဲဆန္ဒရှင်ပြည်သူများအားလုံး ဆန္ဒမဲများ အဆင်ပြေချောမွေ့စွာပေးနိုင်ရေးကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံဖြူဇရပ်မြို့နယ်တပ်နယ်မှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က မြို့နယ်အတွင်း ဆောင်ရွက်ထားရှိမှုနှင့်အခက်အခဲများကိုတင်ပြဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်ကစားကွင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အသုံးပြုမည့် MEVM မဲပေးစက်များ အသုံးပြုရန် တပ်ဆင်ခြင်းနှင့် အသုံးပြုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်း တောင်တန်းဒေသများတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်း

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်း အဓိကအားဖြင့် တောင်တန်းဒေသများတွင် ဇန်နဝါရီ ၃ ရက်အထိ ဆီးနှင်းများထူထပ်စွာ ကျဆင်းနိုင်သည်ဟု မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

အေးစက်ပြင်းထန်သည့် လေထုနှင့် ဆောင်းရာသီလေဖိအားပုံစံကြောင့် အဓိကအားဖြင့် ဂျပန်အရှေ့ပိုင်းမှ အနောက်ပိုင်းအထိ ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှင်းများထူထူထဲထဲ ကျဆင်းနိုင်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ဆီးနှင်းစုပုံကျဆင်းမှုသည် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီအထိ နာအီဂါတာခရိုင် အီတိုအီဂါဝါမြို့၌ ၆၅ စင်တီမီတာ၊ ဖူကူအိခရိုင် မီနာမီအီချီဆန်မြို့နှင့် ဟီရိုရှီးမားခရိုင် ရှိုဘာရာမြို့၌ ၃၇ စင်တီမီတာနှင့် အီရှီကာဝခရိုင် ဆူဇုမြို့၌ ၂၃ စင်တီမီတာအထိ ရှိခဲ့သည်။

ချူဂိုကုဒေသသည် ဂျပန်ပင်လယ်ပေါ်ရှိ ဝင်ရိုးစွန်းလေထုဖုံးလွှမ်းဇုန် (JPCZ) ၏ ဂယက်ရိုက်မှု ခံရနိုင်ပြီး ဒေသတွင်း၌ နှင်းများထူထပ်စွာ ကျဆင်းနိုင်သည်။

ဇန်နဝါရီ ၃ ရက်အထိ ၂၄ နာရီအတွင်း တောင်တန်းဒေသများ၌ နှင်းကျသည့် ပမာဏသည် နီအီဂါတာခရိုင်၌ စင်တီမီတာ ၇၀၊ ဟိုကူရိကုဒေသနှင့် ကင်ကီဒေသများ၌ စင်တီမီတာ ၆၀၊ ချူကိုကုဒေသ၌ စင်တီမီတာ ၅၀၊ ကန်တို-ကိုရှင်ဒေသ၌ စင်တီမီတာ ၄၀ နှင့် ရှီကိုကုဒေသ၌ စင်တီမီတာ၂၀ အထိ အသီးသီးရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

တိုကျိုမြို့၏ မြို့နယ် ၂၃ ခုအပါအဝင် ကန်တိုဒေသ၏ တောင်ပိုင်းမြေပြန့်ဒေသများတွင် ဇန်နဝါရီ ၃ ရက်အထိ နှင်းအနည်းငယ် စုပုံနိုင်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ယာဉ်သွားလာမှုအပေါ် ထိခိုက်မှုရှိနိုင်ကြောင်း အရာရှိများက သတိပေးထားသည်။ ပြည်သူများကို နှင်းပြိုမှု၊ နှင်းကျမှုကြောင့် ဖြစ်ပေါ်တတ်သည့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုအပြင် မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းများ အပါအဝင် ရုတ်တရက်လေပြင်းတိုက်ခတ်မှုများအတွက် သတိပြုကြရန် အရာရှိများက ဆက်လက်တိုက်တွန်း သတိပေးထားသည်။



အင်န်အိတ်ချ်ကေ

# တောင်ကိုရီးယားနိုင်ငံ၌ ခရီးသည်တင်ဂျက်လေယာဉ်အတွင်း မီးခိုးငွေ့များ ဝင်ရောက်လာသည့်အတွက် ၁၂၂ ဦးကို ကယ်တင်ခဲ့ရ

**ဆိုးလ် ဇန်နဝါရီ ၂**



တောင်ကိုရီးယားနိုင်ငံ လေဆိပ်၌ ဇန်နဝါရီ၂ရက်က ဂျက်လေယာဉ်ပေါ်ရှိ အခန်းတွင် မီးခိုးငွေ့များ ဝင်ရောက်လာသည့်အတွက် လေယာဉ်အမှုထမ်းများ အပါအဝင် ခရီးသည် ၁၂၂ ဦးကို ဘေးလွတ်ရာသို့ ကယ်ဆယ်ခဲ့ရကြောင်း ယွန်ဟတ်သတင်း အေဂျင်စီတွင် ဖော်ပြထားသည်။

ဂျင်အဲလေယာဉ်၏ အခန်းအတွင်းသို့ မီးခိုးငွေ့များဝင်ရောက်လာခြင်းဖြစ်ပြီး အဆိုပါလေယာဉ်သည် နိုင်ငံတောင်ပိုင်း ဂျဲဂျူကျွန်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အနောက်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ပိုဟန်းမြို့သို့ ပျံသန်းရန် ရည်ရွယ်ထားသည့် လေယာဉ်လည်းဖြစ်သည်။

ခရီးသည်များ အားလုံး လေယာဉ်ပေါ်သို့ တက်ရောက်နေစဉ် မီးခိုးငွေ့များကြောင့် လေယာဉ်မှူးအခန်းတွင် အချက်ပေးသံများမြည်လာပြီး အမှုထမ်းများအပါအဝင် ခရီးသည် ၁၂၂ ဦး စလုံးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ လေယာဉ်အတွင်းပိုင်းနှင့် လေယာဉ်ပြင်ပတွင် မီးလောင်မှုကိုမတွေ့ရှိရချေ။

စစ်ဆေး တွေ့ရှိမှုများအရ မီးခိုးများ ထွက်လာရခြင်းမှာ လေယာဉ်အနောက်ပိုင်းရှိ အရန်စက်ခေါ် အေပီယူတွင် ချွတ်ယွင်းမှုကြောင့် အပူလွန်ကဲခြင်းမှ မီးခိုးများ ထွက်လာရခြင်းဖြစ်သည်ဟု ယူဆရသည်။

အေပီယူသည် ပင်မအင်ဂျင်များ ပိတ်ထားသည့်အခါ လျှပ်စစ်စွမ်းအားနှင့် လေအေးပေးစက်ကို ထောက်ပံ့ပေးသည့်အရန် အင်ဂျင်တစ်ခုဖြစ်သည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ်အတွင်း လှေငယ်ဖြင့် ရွှေ့ပြောင်း နေထိုင်သူများ ဗြိတိန်နိုင်ငံသို့ ဝင်ရောက်လာမှု ဒုတိယအများဆုံးအဖြစ် စံချိန်တင်

**လန်ဒန် ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ်အတွင်း လှေငယ်များဖြင့် ဗြိတိန်ကမ်းခြေသို့ ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူ ၄၁၄၇၂ ဦးရှိပြီး လှေငယ်များဖြင့် ဝင်ရောက်လာမှုမှာ ဒုတိယအများဆုံးနှစ်ဟု စံချိန်တင်ထားကြောင်း ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် အစိုးရအချက်အလက်များအရ သိရသည်။

အဆိုပါအရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၃ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်က ဗြိတိန်နိုင်ငံသို့ လှေငယ်များဖြင့် ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၄၆၀၀၀ ခန့်ရှိသည်ဟု မှတ်တမ်းတင်ထားရာ ယခုအရေအတွက်သည် အဆိုပါပမာဏနှင့်နှိုင်းယှဉ်လျှင် ၉ ရာခိုင်နှုန်းလျော့နည်းနေသည်ဟု သိရသည်။ ၂၀၂၅ ခုနှစ်အတွင်း ရေလက်ကြားသို့ ဖြတ်သန်းရန် ကြိုးပမ်းရင်း သေဆုံးသွားခဲ့ရသည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၁၇ ဦးခန့်ရှိသည်ဟု ဗြိတိန်နှင့်ပြင်သစ်အာဏာပိုင်များ၏ ဖော်ပြချက်ကို ကိုးကားကာ ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာနသည် နိုဝင်ဘာလအတွင်းက နိုင်ငံ၏ ခိုလှုံခွင့်ပေးသည့်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်မှုအောက်တွင် ခိုလှုံခွင့်လျှောက်ထားသူသည် အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားခွင့်ရရှိရန် နှစ်ပေါင်း ၂၀ ကြာ စောင့်ဆိုင်းရမည်ဟု သတ်မှတ်ထားသည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်၌ သေနတ်ပစ်ခတ်ခံရသူ ၄၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၄၆၀၀ ကျော်ရှိ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စု၌ ၂၀၂၅ ခုနှစ်အတွင်း လူပေါင်း ၄၀၀၀၀ ထက်မနည်း သေနတ်ပစ်ခတ်ခံခဲ့ရပြီး သေဆုံးသူ ၁၄၆၀၀ ကျော်နှင့် ဒဏ်ရာရရှိသူ ၂၆၁၀၀ ကျော်ရှိကြောင်း သေနတ်နှင့်ဆက်စပ်သော အကြမ်းဖက်မှု မှတ်တမ်းဂျီဗွီအေမှ ဇန်နဝါရီ ၁ ရက်က ထုတ်ပြန်ခဲ့သော ကနဦးစာရင်းအင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုရှိ သေနတ်နှင့်ဆက်စပ်သော အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များကို အများပြည်သူအခမဲ့လေ့လာနိုင်ရန် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် သေနတ်နှင့်ဆက်စပ်သော အကြမ်းဖက်မှု မှတ်တမ်းဂျီဗွီအေ၏ အဆိုအရ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ အစုလိုက်အပြုံလိုက် ပစ်ခတ်ခံရမှုဖြစ်စဉ် ၄၀၇ ခုထက်မနည်း ဖြစ်ပွားခဲ့သည်။

ဂျီဗွီအေက အဆိုပါဖြစ်စဉ်များအနက် ပစ်ခတ်သူကိုယ်တိုင် သေဆုံး၊ ဒဏ်ရာရခြင်းများမပါဝင်ဘဲ အခြားလူလေးဦး သို့မဟုတ် ယင်းထက်ပို၍ သေဆုံး၊ ဒဏ်ရာရရှိခြင်းကို အစုလိုက် အပြုံလိုက်ပစ်ခတ်မှုဟု သတ်မှတ်ထားခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အစည်း၏ အဆိုအရ ၂၀၂၅ ခုနှစ်အတွင်း အသက် ၁၁ နှစ်နှင့်အောက် ကလေးငယ် ၂၂၄ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ပြီး အဆိုပါအသက်အရွယ် ကလေးငယ် ၄၆၁ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အတူ အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်းရှိ ဆယ်ကျော်သက်လူငယ်ပေါင်း ၁၀၃၀ သေဆုံးခဲ့ကာ ၂၇၃၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အမေရိကန် ပြည်တွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်မှစ၍ သေနတ်နှင့်ဆက်စပ်သော သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုနှုန်း လေးနှစ်ဆက်တိုက် ကျဆင်းလာခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း လူပေါင်း ၄၀၀၀၀ ကျော်မှာ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံး၊ ဒဏ်ရာရခြင်းများ ရှိနေဆဲဖြစ်သည်။

အဆိုပါ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်အတွင်း နေ့စဉ်ပျမ်းမျှ လူပေါင်း ၁၁၀ ကျော်မှာ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရရှိနေခြင်းဖြစ်သည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ်အတွင်း သီရိလင်္ကာ၌ ယာဉ်မတော်တဆမှုပေါင်း ၂၅၆၀ ကျော်နှင့် သေဆုံးသူ ၂၇၀၀ ကျော်ရှိ

**ကိုလံဘို ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ ယာဉ်မတော်တဆမှု စုစုပေါင်း ၂၅၆၂ မှုရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၂၂၈၇ မှုရှိခဲ့ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အက်ဖ်ယူဝုထ်လာက ၂၀၂၅ ခုနှစ်တွင် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၂၇၁၀ ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၂၂ ဦး ပိုများကြောင်း ပြောကြားသည်။ သီရိလင်္ကာတွင် ယာဉ်မတော်တဆမှု ၈၅ ရာခိုင်နှုန်းခန့်သည် စိတ်ဖိစီးမှုနှင့် ဆက်စပ်သောပြဿနာများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၅ ခုနှစ်တွင် ယာဉ်မတော်တဆမှုများ၏ အခြားအဓိကအကြောင်းရင်းများတွင် အရှိန်လွန်မောင်းနှင်ခြင်း၊ အရက်မူးပြီးမောင်းနှင်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ ပါဝင်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါ ယာဉ်မတော်တဆမှုများကို ထိရောက်စွာလျှော့ချရန်အတွက် ဆောင်ရွက်မည့် အစီအစဉ်များစွာကိုလည်း ၂၀၂၆ ခုနှစ်တွင် ရဲတပ်ဖွဲ့က လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ဆင်ဟွာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရွေးကောက်ပွဲ အပိုင်း(၂)ပြုလုပ်မည့် ကလေးမြို့နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကလေးမြို့သို့သွားရောက်ပြီး ကလေးမြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကလေးခရိုင် အုပ်ချုပ်ရေးမှူး၊ ကလေး ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကလေးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု (၅၄)အုပ်စု မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး တာဝန်ထမ်းဆောင်မည့်သူများနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲအပိုင်း(၂) ပြုလုပ်ရန် ကြိုတင် ပြင်ဆင်ထားရှိမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပပြုလုပ်ခဲ့သည့် မြို့နယ်များတွင် တွေ့ရှိရသော အတွေ့အကြုံအရ (၂)ဆိုင်းခွဲပြီး စစ်ဆေးပေးခြင်းဖြင့် မဲဆန္ဒရှင်များ မဲပေးရာတွင် အချိန်ကြာမြင့်မှုမရှိဘဲ မဲပေးနိုင်အောင် ဆောင်ရွက်ပေးရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM စက်များကို ပြန်လည်စစ်ဆေး Installation ပြုလုပ်ခြင်းများအား အမှားအယွင်းမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရေး၊ လုံခြုံရေးအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲ



ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ L&Z Marine Food Products LTD (အအေးခန်းစက်ရုံ)သို့ ရောက်ရှိရာ စက်ရုံတာဝန်ရှိသူက တစ်နေ့လျှင် အအေးခဲထုတ်လုပ်နိုင်မှု ပမာဏ ၂၅ တန်ရှိပြီး တန် ၁၅၀၀ ဆံ့ သိုလှောင်အအေးခန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ စက်ရုံမှ အရည်အသွေးမြင့် ထုတ်ကုန်များကို သန့်ရှင်းစွာဖြင့် ထုတ်လုပ်နိုင်ရန်အတွက်



ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် သင်တန်းများ တက်ရောက်စေခြင်း၊ ညွှန်ကြားထားသည့် စည်းမျဉ်း စည်းကမ်းချက်များနှင့် အညီ ကုန်ထုတ်လုပ်မှု သိုလှောင်မှု၊ တင်ပို့မှုလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီး စက်ရုံအနေဖြင့် EU၊ Saudi နိုင်ငံများသို့ တင်ပို့ရရှိမှုအတွက် ခွင့်ပြုချက် ရရှိထားပြီဖြစ်၍ ရေချိုငါး၊ ရေငန်ငါးမျိုးများအား အများဆုံးတင်ပို့လျက်ရှိပါကြောင်းနှင့် နှစ်အလိုက် တင်ပို့မှု တန်ချိန်များအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အလားတူ CK FROZEN FOODS YANGON CO.,LTD သို့လည်းကောင်း၊ ADVANCED SEAFOOD INDUSTRIES CO., LTD သို့လည်းကောင်း၊ သာကေတမြို့နယ်ရှိ MYANMAR GOLDEN PHOENIX INDUSTRIAL CO., LTD သို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာမှ နိုင်ငံခြားဝင်ငွေ အမြောက်အမြား နှစ်စဉ်ရရှိလျက်ရှိရာ နိုင်ငံတကာ အသိအမှတ်ပြု တန်ဖိုးမြင့် ရေထွက်ကုန်များ နှစ်အလိုက်တန်ချိန် ပိုမိုတိုးထုတ် တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း အခက်အခဲများလိုအပ်ချက်ရှိသည်များကို မိမိတို့ဌာနအနေဖြင့် တတ်စွမ်းအားရှိသမျှ ဘက်စုံထောင့်စုံမှ ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လည်း အသင့်ရှိပါကြောင်း ပြောကြားကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ



**တောင်ငူ ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်း၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြခန်းများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် မြို့မိမြို့ဖ ဦးမြင့်သူတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

တောင်ငူမြို့၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် ဘော်လီဘော၊ ဖုဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ လွန်ဆွဲပွဲ၊ မိုက်ခရို မာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ် ပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိပြီး ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ကြီးကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ရေချွေတာရေး နည်းလမ်းများ

- ❖ အဝတ်အနည်းငယ် အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❖ အဝတ် လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျ မနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်း မပြုပါနှင့်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# စမတ်ဖုန်းတစ်လုံးဖြင့် ဘာသာစကားသင်ယူခြင်း – ခေတ်မီသင်ယူမှုအနုပညာ

မောင်မောင်လင်း

- ❖ **Duolingo မှာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်တွေကို စနစ်တကျတိုးတက်အောင် သင်ကြားပေးပါတယ်။ ဒါပေမယ့် ပြောဆိုမှုနဲ့ ရေးသားမှုမှာတော့ နက်နဲပြီး လူသားဆန်တဲ့ ပြင်ဆင်မှုတွေပေးဖို့ အားနည်းနေတတ်ပါတယ်။ ဒါကြောင့် ဒီကွက်လပ်ကို Gemini က ဖြည့်ဆည်းပေးနိုင်ပါတယ်။ Gemini မှာ အပြန်အလှန်စကားပြောဆိုမှုစနစ် (Conversation Mode)နဲ့ အသံထွက်ပြောဆိုမှုစနစ် (Voice Mode)တွေ ပါဝင်နေတာကြောင့် ပြောဆိုမှုနဲ့ ရေးသားမှုစွမ်းရည်တွေကို အထိရောက်ဆုံးမြှင့်တင်ပေးနိုင်**
- ❖ **ဒီခေတ်မီသင်ယူမှုနည်းလမ်းရဲ့ အကြီးမားဆုံးအားသာချက်က မြန်မာဘာသာစကားကို ကြားခံဘာသာအဖြစ်သုံးပြီး သင်ယူနိုင်ခြင်းဖြစ်**

**ယနေ့ခေတ်မှာ "ဉာဏ်ရည်တု (AI)" လို့ ဆိုလိုက်တာနဲ့ လူအများစုက ကုတ်ရေးတာ၊ ရုံးလုပ်ငန်းသုံးစာစီစာရိုက်တာ၊ ရှုပ်ထွေးတဲ့ နည်းပညာကိစ္စရပ်တွေကိုပဲ ပြေးမြင်တတ်ကြပါတယ်။ တကယ်တော့ သာမန်အသုံးပြုသူတစ်ယောက်အတွက် AI ရဲ့ အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံးအသုံးချမှုက "ဘာသာစကားသင်ယူခြင်း" ဖြစ်ပါတယ်။**

ယနေ့ခေတ်မှာ ဘာသာစကားတစ်ခုကို သင်ယူဖို့အတွက် မိခင်ဘာသာစကားပြောသူ (Native Speaker)တွေရှိရာ ပြည်ပကိုသွားဖို့ ဒါမှမဟုတ် သင်တန်းတွေမှာ အချိန်အများကြီးကုန်ဆုံးဖို့ မလိုအပ်တော့ပါဘူး။ ကိုယ့်အိတ်ကပ်ထဲက စမတ်ဖုန်းတစ်လုံးနဲ့ AI ကိုပေါင်းစပ်ပြီး ခေတ်မီတဲ့ သင်ယူမှုနည်းလမ်းတစ်ခုကို ဖန်တီးနိုင်ပြီဖြစ်ပါတယ်။ အထူးသဖြင့် Duolingo လို အွန်လိုင်းဘာသာစကားသင်ယူမှုအက်ပ်နဲ့ Google Gemini ရဲ့ အဆင့်မြင့်၊ လူသားဆန်တဲ့ တုံ့ပြန်မှုစွမ်းရည်တို့ကို ပေါင်းစပ်လိုက်တဲ့အခါ ဖတ်ရှုမှု (Reading)၊ နားထောင်မှု (Listening)၊ ပြောဆိုမှု (Speaking) နဲ့ ရေးသားမှု (Writing) ဆိုတဲ့ စွမ်းရည်လေးမျိုးကို ပြည့်စုံစွာလေ့ကျင့်ပေးနိုင်တဲ့ စနစ်တစ်ခု ဖြစ်လာပါတယ်။ ဒါမှမဟုတ်ရင်လည်း ဘာသာစကားသင်ကြားပေးသူ (Language Tutor) သို့မဟုတ် စကားပြောလေ့ကျင့်ဖော် (Language Partner) အဖြစ် အသုံးပြုလို့ရပါတယ်။

**စားပွဲတင်ကွန်ပျူတာလား၊ လက်ပ်တော့လား၊ စမတ်ဖုန်းလား**

ဘာသာစကားသင်ယူရာမှာ ကွန်ပျူတာ (Desktop/ Laptop)က မရှိမဖြစ်မဟုတ်တော့ပါဘူး။ လက်ရှိဘာသာစကားသင်ယူမှုအက်ပ်တွေနဲ့ AI နည်းပညာတွေဟာ မိုဘိုင်းဖုန်းကို အခြေခံပြီး တည်ဆောက်ထားတာဖြစ်လို့ ကွန်ပျူတာမှာ မရတဲ့ လုပ်ဆောင်ချက်တွေ စမတ်ဖုန်းမှာ ပိုစုံလင်နေပါတယ်။ ရုတ်တရက်ကြည့်ရင် ကွန်ပျူတာက မျက်နှာပြင်ကျယ်လို့ ပိုကောင်းမယ်ထင်ရပေမယ့် ဘာသာစကားသင်ယူမှုအတွက်ကတော့ စမတ်ဖုန်းကသာ ပိုအဆင်ပြေပါတယ်။ အကြောင်းရင်းကတော့ စမတ်ဖုန်းတွေမှာပါတဲ့ Hardware တွေက AI နဲ့ ပိုပြီးအဆင်ပြေစွာ အလုပ်လုပ်နိုင်လို့ဖြစ်ပါတယ်–

(က) **မိုက်ကရိုဖုန်းနဲ့ အမြဲမပြတ် နားထောင်နိုင်စွမ်း။** ကွန်ပျူတာ Browser တွေမှာ အသံသွင်းဖို့ ခက်ခဲတတ်ပေမယ့် ဖုန်းမှာတော့ သင့်အသံကို အချိန်မရွေးဖမ်းယူနိုင်ပါတယ်။ ဒါကြောင့် AI က သင့်ရဲ့ အသံထွက် (Pronunciation) နဲ့ လေယူလေသိမ်း(Intonation)တွေကို အချိန်နဲ့တစ်ပြေးညီ ပြင်ဆင်ပေးနိုင်ပါတယ်။

(ခ) **ကင်မရာနဲ့ လက်တွေ့မြင်ကွင်းထပ်ဆောင်းနည်းပညာ (Augmented Reality – AR)။** ခေတ်မီအက်ပ်တွေမှာ မိမိပတ်ဝန်းကျင်က ပစ္စည်းတွေကို ဖုန်းကင်မရာနဲ့ ထိုးကြည့်လိုက်တာနဲ့ Google Translate Camera Mode လို ချက်ချင်းဘာသာပြန်ပေးတဲ့စနစ်မျိုး၊ ဒါမှမဟုတ် သက်ဆိုင်ရာ ဘာသာစကားဝေါဟာရကို ပြသပေးတဲ့ AR စနစ်တွေ ပါဝင်လာပါတယ်။ ဒါဟာ ကွန်ပျူတာမှာ လုံးဝမရနိုင်တဲ့ အတွေ့အကြုံဖြစ်ပါတယ်။

(ဂ) **နေရာမရွေးသင်ယူနိုင်မှု (Micro-learning)။** ဘာသာစကားတစ်ခုကို ကျွမ်းကျင်ဖို့ တစ်နေ့ ၁၀ မိနစ်၊ ၁၅ မိနစ် ပုံမှန်လေ့လာခြင်းက အထိရောက်ဆုံးဖြစ်လို့ ဖုန်းတစ်လုံးနဲ့ သွားလေရာလေ့လာနိုင်တာက အကြီးမားဆုံး အားသာချက်ဖြစ်ပါတယ်။

**သင်ရိုးညွှန်းတမ်းရဲ့ အခြေခံ – Duolingo နဲ့ CEFR မူဘောင်**

ဘာသာစကားသင်ယူခြင်းရဲ့ ပထမခြေလှမ်းက ခိုင်မာတဲ့သင်ရိုးညွှန်းတမ်း (Curriculum) ရှိဖို့ပါ။ အွန်လိုင်းဘာသာစကားသင်ယူမှုအက်ပ်တွေထဲက Duolingo လို အက်ပ်တွေဟာ နိုင်ငံတကာ အသိအမှတ်ပြုထားတဲ့ Common European Framework of Reference for Languages (CEFR) အဆင့်တွေဖြစ်တဲ့ A1 (အခြေခံ)မှ C2 (ကျွမ်းကျင်) အထိ သင်ယူမှုမူဘောင်ကို တည်ဆောက်ပေးထားပါတယ်။ Duolingo မှာ IELTS၊ TOEFL လို အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲရှိသလို အခြားဘာသာစကားတွေအတွက်လည်း အလုပ်လျှောက်လွှာမှာ တရားဝင်ထည့်သွင်းနိုင်တဲ့ ဘာသာစကားကျွမ်းကျင်မှု အဆင့်သတ်မှတ်ချက်တွေ ရှိပါတယ်။ CEFR အဆင့်နဲ့ Duolingo Score တွေကို အောက်ပါဇယားအတိုင်း နှိုင်းယှဉ်ကြည့်နိုင်ပါတယ်–

| CEFR အဆင့် | CEFR အဆင့်ခွဲ | အဆင့်အဓိပ္ပာယ် | အဓိက တတ်ကျွမ်းမှု | Duolingo Score |
|---|---|---|---|---|
| A – အခြေခံ အသုံးပြုသူ | A1 (Beginner) | စတင်သူ/ အခြေခံ အဆင့် | နေ့စဉ်သုံး ရိုးရှင်းတဲ့ စကားလုံးတွေ၊ စာကြောင်းတွေနဲ့ နားလည်ပြောဆိုနိုင်ခြင်း။ | ၀ – ၂၉ |
| | A2 (Elementary) | မူလတန်းအဆင့် | ရင်းနှီးတဲ့ အခြေအနေတွေ (မိသားစု၊ အလုပ်၊ ဈေးဝယ်) မှာ စကားဖလှယ်နိုင်ခြင်း။ | ၃၀ – ၅၉ |
| B – လွတ်လပ်စွာ အသုံးပြုသူ | B1 (Intermediate) | အလယ်အလတ် အဆင့် | အလုပ်၊ ကျောင်း၊ ခရီးသွားရာမှာ တွေ့ရတဲ့ အခြေအနေကို ကိုင်တွယ်ပြောဆိုနိုင်ခြင်း။ စိတ်ဝင်စားရာ အကြောင်းအရာတွေ ရေးသားနိုင်ခြင်း။ | ၆၀ – ၉၉ |
| | B2 (Upper Intermediate) | အထက်တန်း အလယ်အလတ် အဆင့် | ရှုပ်ထွေးတဲ့ စာသားတွေရဲ့ အဓိကအချက်ကို နားလည်နိုင်ခြင်း၊ မိခင်ဘာသာစကားပြောသူနဲ့ သဘာဝကျကျ အပြန်အလှန်ဆွေးနွေးနိုင်ခြင်း။ | ၁၀၀ – ၁၂၉ |
| C – ကျွမ်းကျင်စွာ အသုံးပြုသူ | C1 (Advanced) | အဆင့်မြင့်အဆင့် | ရှည်လျားပြီး နားလည်ရခက်တဲ့ စာတွေကို နားလည်နိုင်ခြင်း၊ ပညာရပ်ဆိုင်ရာအခြေအနေတွေမှာ တိကျပြည့်စုံစွာ အသုံးပြုနိုင်ခြင်း။ | ၁၃၀– ၁၅၉ |
| | C2 (Proficiency) | လုံးဝကျွမ်းကျင် အဆင့် | ပြောဆိုရေးသားတဲ့ အကြောင်းအရာတွေကို အလွယ်တကူ နားလည်နိုင်ခြင်း၊ ဘာသာစကားရဲ့အသေးစိတ်ခြားနားချက်တွေကိုပါ ကောင်းစွာသိရှိအသုံးပြုနိုင်ခြင်း။ | ၁၆၀ |

**Gemini ရဲ့ အခန်းကဏ္ဍ – စွမ်းရည် လေးမျိုးကို ဖြည့်ဆည်းခြင်း**

Duolingo မှာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်တွေကို စနစ်တကျတိုးတက်အောင် သင်ကြားပေးပါတယ်။ ဒါပေမယ့် ပြောဆိုမှုနဲ့ ရေးသားမှုမှာတော့ နက်နဲပြီး လူသားဆန်တဲ့ ပြင်ဆင်မှုတွေပေးဖို့ အားနည်းနေတတ်ပါတယ်။ ဒါကြောင့် ဒီကွက်လပ်ကို Gemini က ဖြည့်ဆည်းပေးနိုင်ပါတယ်။ Gemini မှာ အပြန်အလှန်စကားပြောဆိုမှုစနစ် (Conversation Mode) နဲ့ အသံထွက်ပြောဆိုမှုစနစ် (Voice Mode) တွေ ပါဝင်နေတာကြောင့် ပြောဆိုမှုနဲ့ ရေးသားမှုစွမ်းရည်တွေကို အထိရောက်ဆုံး မြှင့်တင်ပေးနိုင်ပါတယ်။

(က) **စကားပြောစွမ်းရည် (Speaking) အတွက် AI**

(၁) **Real-time အပြန်အလှန်ပြောဆိုမှု။** ဖုန်းရဲ့ Voice Mode ကို သုံးပြီး လိုချင်တဲ့ ဘာသာစကားနဲ့ ချက်ချင်းစကားစပြောနိုင်ပါတယ်။ AI က သင့်ရဲ့ အသံထွက်နဲ့ လေယူလေသိမ်းတွေကို အချိန်နဲ့တစ်ပြေးညီ ပြင်ဆင်ပေးပါတယ်။

(၂) **ဇာတ်တိုက်လေ့ကျင့်ခန်း (Role-play)။** စာသင်ခန်းထဲမှာပဲ လေ့ကျင့်ရတဲ့ "ကော်ဖီဆိုင်မှာ မှာယူခြင်း"၊ "အင်တာဗျူးဖြေဆိုခြင်း" စတဲ့ လေ့ကျင့်ခန်းတွေကို Gemini နဲ့ Voice Mode သုံးပြီး အချိန်မရွေး၊ ရှက်ကြောက်မှုကင်းကင်း လုပ်ဆောင်နိုင်ပါတယ်။

(ခ) **ရေးသားမှုစွမ်းရည် (Writing) အတွက် AI**

(၁) **လက်တင်အက္ခရာမဟုတ်တဲ့ ဘာသာစကားများ (Non-Latin Scripts)။** တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အာရေဗျ စတဲ့ ဘာသာစကားတွေအတွက် စာလုံးရေးသားစဉ်အဆင့် (Stroke Order)နဲ့ ဆက်စပ်ရေးသားပုံတွေကို Gemini က မြန်မာလို အသေးစိတ်ရှင်းပြပေးနိုင်ပါတယ်။

(၂) **စာအရေးအသားပြင်ဆင်ခြင်း။** ကိုယ်တိုင်ရေးထားတဲ့ စာကြောင်းတွေမှာရှိတဲ့သဒ္ဒါအမှား၊ စာလုံးပေါင်းအမှား၊ ရေးသားပုံစီးဆင်းမှု(Flow) စတဲ့ အားနည်းချက်တွေကို AI က နည်းပြဆရာတစ်ဦးလို တိကျစွာ ပြင်ဆင်အကြံပေးနိုင်ပါတယ်။

**မိုဘိုင်းဖုန်းဦးစားပေးနည်းလမ်းနဲ့ ဘာသာစကားတံတားထိုးခြင်း**

ဒီခေတ်မီသင်ယူမှုနည်းလမ်းရဲ့ အကြီးမားဆုံးအားသာချက်က မြန်မာဘာသာစကားကို ကြားခံဘာသာအဖြစ်သုံးပြီး သင်ယူနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း Gemini ကို ရွေးချယ်ထားတာ ဖြစ်ပါတယ်။ အပြန်အလှန်စကားပြောဆိုမှုနဲ့ အသံထွက်စနစ်စွမ်းရည်ရှိတဲ့ AI ကိရိယာတွေထဲမှာ လက်ရှိအချိန်မှာ မြန်မာဘာသာစကားစွမ်းဆောင်ရည် အကောင်းဆုံးလို့ ယူဆရလို့ပါ။ Gemini ရဲ့ အားသာချက်တွေကတော့–

(က) ဘာသာစကားအဆင့်အတန်း (Register) (ဥပမာ– Formal/ Informal ကွာခြားချက်) ကို ကောင်းစွာ ခွဲခြားနိုင်ခြင်း။

(ခ) စာအရေးအသားစီးဆင်းမှုနဲ့ ဖတ်ကောင်းအောင် စကားလုံးစုစည်းမှု ကောင်းမွန်ခြင်း။

(ဂ) နည်းပညာဆိုင်ရာ ဝေါဟာရတွေကို မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ခေတ်စကားနဲ့ ကိုက်ညီပြီး နားလည်လွယ်အောင် ရွေးချယ်ပေးနိုင်ခြင်း။

ဒါ့အပြင် Gemini ဟာ မြန်မာဘာသာစကားသုံးစွဲသူတွေအတွက် "စက်ရုပ်ဆန်မှုကင်းတဲ့၊ သဘာဝကျပြီး ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့" တုံ့ပြန်မှုတွေပေးနိုင်ဖို့

*စာမျက်နှာ ၁၇ သို့*

# တို့လွတ်လပ်ရေး အခွန့်ရှည်ဖို့

❖ "ခုနစ်ဆယ့်ရှစ်"၊ ရတုနှစ်ဟု
ဖွင့်လှစ်ခုခါ၊ ရောက်ရှိလာစဉ်
တစ်ခါသော်က၊ ဘိုးဘေးဘတို့
မြန်မာ့လွတ်လပ်ရေး၊ သွေးသက်ပေး၍
စတေးခဲ့ကြ တိုက်ခိုက်ကြ...။
သည်ခါရောက်တိုင်း သတိရ...။

❖ နယ်ချဲ့တစ်ဖန်၊ ဂျပန်တစ်လှည့်
ပြောင်းခဲ့အခြေ၊ အထွေထွေဝယ်
သန္ဓေထွန်းပေါ်၊ တပ်မတော်နှင့်
ဖော်ဆောင်နွဲကူ၊ များပြည်သူတို့
ဆွတ်ချူဆက်ကမ်း လွတ်လပ်ပန်းလည်း
စွင့်လန်းခဲ့ကြောင်း သမိုင်းကောင်း...။

❖ ထိုလွတ်လပ်ရေး၊ တည်တံ့ရေးကို
သွေးသက်များစွာ၊ ရင်းနှီးကာလျှင်
ဇာနည်အများ၊ တပ်မတော်သားနှင့်
မခြားပြည်သူ၊ တွဲလက်ကူ၍
လွှင့်ထူအောင်လံ၊ ဝဲလွင့်ပျံကာ
နိုင်ငံချုပ်ခြာ တည်တံ့ခဲ့...။

❖ ကမ္ဘာတည်သရွေ့
မရွေ့မြန်မာ၊ ခွန့်ရှည်ကြာလျက်
ခိုင်မာစေကြောင်း၊ အားသစ်လောင်းမည့်
အပေါင်းပြည်သူ၊ ရှေးနည်းတူလျှင်
တူညီတွဲပျော်၊ တပ်မတော်နှင့်
ခုသော်မယွင်း၊ နောင်မယွင်းဘဲ
လက်ချင်းတွဲယှက်၊ ခရီးဆက်မည်
မြင့်တက်မြန်ပြည် ငြိမ်းစေသော်...။

**ဘိုမျိုး(ရွှေဘို)**



## ရေနံချောင်းမြို့နယ်၌ မွေးကင်းစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေး

**ရေနံချောင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ယနေ့နံနက်ပိုင်းကစတင်၍ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ဆုံဆို့ မေးခိုင်၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကိုလည်းကောင်း တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အောက်ပါအတိုင်း ဆောင်ရွက်နေတယ်လို့ဆိုပါတယ်-

(က) **စဉ်ဆက်မပြတ် သင်ယူမှု (Continuous Learning)။** မြန်မာဘာသာစကားရဲ့ ခေတ်ပေါ်အသုံးအနှုန်း (Slang)၊ ပြောင်းလဲနေတဲ့ ဝေါဟာရနဲ့ လူမှုရေးဆိုင်ရာ အသုံးအနှုန်းတွေကို အဆက်မပြတ် လေ့လာသင်ယူနေပါတယ်။

(ခ) **နက်နဲသော အဓိပ္ပာယ်ဖော်ထုတ်မှု (Deep Nuance)။** စာကြောင်းရဲ့ မျက်နှာပြင်အဓိပ္ပာယ်ထက် မေးသူရဲ့ရည်ရွယ်ချက် (Intent)နဲ့ စိတ်ခံစားမှု(Emotional Context)ကိုပါ နားလည်ပြီး တိကျတဲ့အချက်အလက်ကို မြန်မာလို ပြန်လည်ပုံဖော်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

အသုံးပြုရမယ့် နည်းလမ်းကတော့ Gemini မှာ **"ကျွန်တော့်ကို အင်္ဂလိပ် (သင်ယူလိုတဲ့ဘာသာ) ဆရာလုပ်ပြီး ဒီသင်ခန်းစာကို သင်ကြားပေးပါ" လို့ မြန်မာလို စာရိုက်လိုက်ရုံနဲ့ AI က သင့်ရည်ရွယ်ချက်ကို နားလည်သွားပြီး သင်ယူလိုတဲ့ ဘာသာစကား အရေး၊ အပြော သင်ကြားမှုကို စတင်ပေးမှာ ဖြစ်ပါတယ်။ Duolingo လို အက်ပ်တွေမှာ အင်္ဂလိပ်လို ရှင်းပြထားတဲ့ သဒ္ဒါစည်းမျဉ်းတွေကို ဖုန်းကင်မရာနဲ့ ထိုးကြည့်ပြီးဖြစ်ဖြစ်၊ Screenshot လုပ်ပြီး ဖြစ်ဖြစ် မေးလိုက်ရင် ချက်ချင်းမြန်မာလို ဘာသာပြန်ပေးနိုင်တာကြောင့် အင်္ဂလိပ်စာအားနည်းသူတွေအတွက်ပါ အခြားနိုင်ငံခြားဘာသာစကားသင်ယူမှုလမ်းကြောင်းကို ဖွင့်လှစ်ပေးလိုက်တာပါ။**

**ဘတ်ဂျက်ကန့်သတ်ချက်ကို ကျော်လွှားခြင်း – ထိရောက်မှုနဲ့ စွမ်းဆောင်ရည်**

ဘာသာစကားသင်ယူရာမှာ လူအများစု ရင်ဆိုင်ရတဲ့ အဓိကစိန်ခေါ်မှုက "Native Speaker"နဲ့ လေ့ကျင့်ခွင့်ရဖို့ ခက်ခဲခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Native Speaker တစ်ဦးရဲ့ သင်ကြားမှုကိုရဖို့ဆိုတာ ငွေကြေးကုန်ကျမှုမြင့်မားသလို၊ အချိန်ပိုင်းကန့်သတ်ချက်တွေလည်း ရှိပါတယ်။ ဒီနေရာမှာ AI က ထိရောက်မှုနဲ့ စွမ်းဆောင်ရည် နှစ်မျိုးစလုံးကို တစ်ပြိုင်နက် ပေးစွမ်းနိုင်တဲ့ ဖြေရှင်းချက်ဖြစ်လာပါတယ်။

| ကဏ္ဍ | သမားရိုးကျနည်းလမ်း | AI + Smartphone နည်းလမ်း |
|---|---|---|
| ကုန်ကျစရိတ် | သင်တန်းကြေး မြင့်မားခြင်း၊ ဆရာရဲ့ အခကြေးငွေ များပြားခြင်း။ | Duolingo/ AI App ရဲ့ စာရင်းသွင်းခ အနည်းငယ် (သို့) အခမဲ့နီးပါးဖြစ်ခြင်း။ |
| အချိန် | သတ်မှတ်ထားတဲ့ အချိန်ဇယားနဲ့ စာသင်ချိန်ကို လိုက်နာရခြင်း။ | ၂၄/၇ မိမိအားလပ်ချိန် ၃ မိနစ်၊ ၅ မိနစ်တိုင်း လေ့ကျင့်နိုင်ခြင်း။ |
| ထိရောက်မှု | ဆရာရဲ့ အကဲဖြတ်မှုအပေါ် မူတည်ပြီး လူမှုရေးဖိအား(Social Pressure) ရှိခြင်း။ | AI က အမှားကို ချက်ချင်းပြင်ပေးခြင်း၊ ရှက်ရွံ့ခြင်းကင်းခြင်း။ |
| Native Speaker အစားထိုး | Native Speaker ကို ခက်ခဲစွာရှာဖွေရခြင်း။ | AI စကားပြောဖော်နဲ့ အသံထွက်၊ လေယူလေသိမ်း၊ ဝေါဟာရကြွယ်ဝမှုတွေကို လူတစ်ဦးနဲ့ စကားပြောသလိုနီးပါး လေ့ကျင့်နိုင်ခြင်း။ |

အထက်ပါဇယားကိုကြည့်ရင် ဘတ်ဂျက်ကန့်သတ်ချက်ရှိသူတွေအတွက် စျေးကြီးတဲ့ ဆရာတွေရဲ့နေရာကို AI က အတိုင်းအတာတစ်ခုအထိ အစားထိုးပေးနိုင်ပြီး သင်ယူမှုအရည်အသွေး (Quality) ကို မထိခိုက်စေဘဲ အချိန်နဲ့ ငွေကြေး စွမ်းဆောင်ရည်ကို အမြင့်ဆုံးမြှင့်တင်ပေးနိုင်တဲ့ အကောင်းဆုံးနည်းလမ်းဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

**စနစ်၏ အားနည်းချက်များနှင့် အကန့်အသတ်များ**

(က) **သင်ရိုးညွှန်းတမ်း (Duolingo) ဆိုင်ရာ အားနည်းချက်များ။** Gemini က နက်နဲတဲ့ ရှင်းပြချက်တွေကို ပေးနိုင်ပေမယ့် အခြေခံသင်ရိုးညွှန်းတမ်းကို ပံ့ပိုးပေးတဲ့ Duolingo မှာ အောက်ပါအကန့်အသတ်တွေ ရှိနေပါသေးတယ်-

(၁) **သဒ္ဒါပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ် နည်းပါးခြင်း။** Duolingo ဟာ လေ့ကျင့်ခန်းတွေနဲ့သာ အဓိကသင်ကြားပေးပြီး စာသင်ခန်းထဲမှာလိုပဲ သဒ္ဒါစည်းမျဉ်းတွေကို ပုံသေသတ်မှတ်ထားတဲ့အတိုင်းသာ သင်ကြားပေးလေ့ရှိပါတယ်။ ဒါကြောင့် နက်နဲသော သို့မဟုတ် လူသားဆန်သော ပြန်လည်ပြင်ဆင်မှုတွေပေးဖို့ အကန့်အသတ်ရှိနေပါတယ်။

(၂) **မျက်နှာပြင်ပေါ်သာ အာရုံစူးစိုက်ခြင်း။** Duolingo ဟာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်တွေကို စနစ်တကျတိုးတက်စေပေမယ့် သူ့ရဲ့နည်းလမ်းတွေက ပြောဆိုမှုနဲ့ ရေးသားမှုစွမ်းရည်တွေကို လုံလောက်စွာ တွန်းအားပေးဖို့ အားနည်းနိုင်ပါတယ်။

(ခ) **AI (Gemini) ရဲ့ အပြန်အလှန်တုံ့ပြန်မှု၏ အကန့်အသတ်များ။** Gemini ဟာ အလွန်အသုံးများတဲ့ စနစ်ဖြစ်ပေမယ့် လူသားဆရာတစ်ဦးရဲ့နေရာကို အပြည့်အဝ အစားမထိုးနိုင်သေးတဲ့ အချက်တွေရှိနေပါတယ်-

(၁) **EQ (စိတ်ခံစားမှု ဉာဏ်ရည်) ကင်းမဲ့ခြင်း။** လက်ရှိ AI ဆရာတွေရဲ့အသံနဲ့ တုံ့ပြန်မှုတွေက တိကျပေမယ့် စိတ်ခံစားမှု (Emotion) ကင်းမဲ့နေပါသေးတယ်။ သင်ယူသူရဲ့ စိတ်ပျက်အားငယ်မှု သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ထိလွယ်ရှလွယ်မှုကို စစ်မှန်တဲ့ စာနာစိတ်နဲ့ ကိုင်တွယ်ဖြေရှင်းပေးနိုင်တာမျိုး မရှိသေးပါ။

(၂) **"လူသားဆန်မှု" ရဲ့ ကန့်သတ်ချက်။** AI ဟာ လူတစ်ဦးနဲ့ နီးစပ်အောင် လေ့ကျင့်ပေးနိုင်ပေမယ့် စစ်မှန်တဲ့ Native Speaker တစ်ဦးရဲ့ အားထုတ်မှုမပါဘဲ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဖလှယ်မှုနဲ့ နိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝလေ့စရိုက်တွေကို အပြည့်အဝ နားလည်စေဖို့ ခက်ခဲနိုင်ပါသေးတယ်။

(ဂ) **နည်းပညာနဲ့ လက်လှမ်းမီမှု စိန်ခေါ်ချက်များ**

**(၁) စဉ်ဆက်မပြတ် အင်တာနက်လိုအပ်ခြင်း။** ဒီစနစ်ရဲ့ အဓိကအားသာချက်ဖြစ်တဲ့ Live Conversation (အသံဖြင့်ပြောဆိုမှု)ကို အသုံးပြုဖို့အတွက် ပုံမှန်မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်တစ်ခု အမြဲလိုအပ်ပါတယ်။ ကွန်ရက်မတည်ငြိမ်ပါက AI ရဲ့ တုံ့ပြန်မှုစွမ်းဆောင်ရည် ကျဆင်းသွားပါလိမ့်မယ်။

(၂) **ကနဦးကုန်ကျစရိတ်။** Duolingo/ Gemini တို့ဟာ အခမဲ့အသုံးပြုနိုင်ပေမယ့်လည်း ပိုမိုပြည့်စုံတဲ့ လုပ်ဆောင်ချက်တွေ ရယူဖို့အတွက် စာရင်းသွင်းခ (Subscription) ပေးဆောင်ရနိုင်ပါတယ်။ ဒီအပြင် စနစ်ကောင်းကောင်း အလုပ်လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ Hardware (မိုက်ခရိုဖုန်း၊ ကင်မရာ) ပါဝင်တဲ့ စမတ်ဖုန်းတစ်လုံးရှိဖို့ အဓိကလိုအပ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ Duolingo ရဲ့ သင်ရိုးညွှန်းတမ်း၊ Gemini ရဲ့ နည်းပြပေးမှုနဲ့ အပြန်အလှန်တုံ့ပြန်မှုစွမ်းအားတွေကို ပေါင်းစပ်ထားတဲ့ စမတ်ဖုန်းတစ်လုံးဟာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်အတွက် CEFR-အဆင့်မီ သင်ရိုးညွှန်းတမ်း၊ စကားပြောစွမ်းရည်အတွက် AI ဦးဆောင်တဲ့ Speaking Lab၊ စာရေးသားမှုစွမ်းရည်အတွက် နည်းပညာပံ့ပိုးမှုနဲ့ ရေးသားမှုလေ့ကျင့်ခန်းများဆိုတဲ့ စွမ်းရည်လေးမျိုးလုံးကို ပြည့်စုံစွာပေးစွမ်းနိုင်တဲ့ ခေတ်မီသင်ယူမှုနည်းလမ်းတစ်ခုအဖြစ် ပုံဖော်နိုင်ပြီ ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ခေတ်မီပြီး ကိုယ်ပိုင်စိတ်ကြိုက်ဖြစ်ကာ ဘာသာစကား လေ့လာလိုသူတိုင်းကို တံခါးဖွင့်ပေးထားမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်း



အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်သုံးခု၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးပြီး အပိုင်း (၂) တွင် ပါဝင်သည့် မိုင်းတုံမြို့နယ်၌ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ် အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ တိုင်းရင်းသားများဒေသဖြစ်၍ ဘာသာစကား အခက်အခဲမရှိစေရန် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ဆန္ဒမဲပေးရန်စောင့်ဆိုင်းစဉ် နားနေရန်ယာယီ တဲနှင့်ထိုင်ခုံများ၊ သောက်ရေများ စီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် ကြို/ပို့ မော်တော်ယာဉ်များ အဆင်သင့်စီစဉ်ထားရှိရေး၊ ကျန်းမာရေး ကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဒီဇင်ဘာ ၃၁ ရက်က လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့်အတူ မြို့နယ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ V4 လမ်း (မြို့ပတ်လမ်း) ၌ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ကြက်သွန်ခင်းကျေးရွာ၊ မဒန်းဆည်ရေသောက်စနစ် DY-2 မြောင်း၊ ပေတိုင် ၉၀၀၀ နှင့် ၁၅၀၀၀ အတွင်း ပျက်စီးမှုများ လိုင်နင်စီခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားသည်။ အဆိုပါမြောင်းမှ အနီးဝန်းကျင်ကျေးရွာများမှ လယ်ဧက ၁၃၇၀ အား အကျိုးပြုရေပေးဝေနိုင်ကြောင်း သိရသည်။



နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ကျော်အောင်သည် ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ဝေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များကို အသုံးချ၍ စိုက်ပျိုးနိုင်ရန်၊ မြို့နယ်အတွင်းရှိ တောင်သူအသိပညာပေး KC များတွင် Soil Test လုပ်ငန်း ပြုလုပ်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သွားရန်၊ ဒေသနှင့်ကိုက်ညီသော မြေနီမှုံကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာစသည့် နှစ်ရှည်ပင်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးရန်၊ စက်မှုသီးနှံများဖြစ်သည့် ဝါးကို ဝါးပျော့ဖတ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်၊ အပတ်စဉ် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်အား Clean City၊ Green City ဆုရွေးချယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အား ၂၀၂၅-၂၀၂၆ ခုနှစ် Clean City, Green City ဆုရွေးချယ်နိုင်ရေးအတွက် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ယမန်နေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဝင်း ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဝင်း ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်များ သပ်ရပ်လှပအောင် ဆောင်ရွက်ထားရှိမှု၊ မြို့ဝင်လမ်းဘေး(ဝဲ၊ယာ)ရှိ မြေခင်းအလှနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ အများပြည်သူအပန်းဖြေအနားယူနိုင်ရေး အပန်းဖြေပန်းခြံအား သစ်လွင်တောက်ပအောင် ဆောင်ရွက်ထားရှိမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့မပျိုးဥယျာဉ်တွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့တွင်းလမ်းမကြီးများ သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးနှင့် သတိပေးဆိုင်းဘုတ်များ၊ လမ်းမီးများတပ်ဆင်ထားရှိမှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အတွင်း ပုံသွင်းပင်များ၊ ပန်းအလှပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုများကို စစ်ဆေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝဏ္ဏထွန်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို လိုက်လံပြသခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

○ ကျောဖုံးမှ

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်က နှစ်သစ်မင်္ဂလာ ကြိုဆိုဂုဏ်ပြု အမှာစကား ပြောကြားကာ လားဟူတိုင်းရင်းသားများ ကိုယ်စား ကျေးရွာရပ်မိ၊ ရပ်ဖ ဦးမြင့်ဦးက နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လားဟူ တိုင်းရင်းသားများသည် တစ်နှစ်တာ ရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲမှ ရိုးရာစုပေါင်းနှစ်သစ်ကူးပွဲတော်သည် အထွတ်မြတ်ဆုံးနှင့် အကြီးအကျယ်ဆုံး ပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ လားဟူတိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကိုအမှီပြု၍ လားဟူအနက်၊ လားဟူအနီ၊ လားဟူအဝါ၊ လားဟူအဖြူနှင့် လားဟူကျိုင်းရှီးဟူ၍ မျိုးနွယ်စုငါးစုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၂၀ ကျော်အထိ ရှိခဲ့ကြောင်း၊ ၎င်းတို့၏ အထိမ်းအမှတ်မှာ ဘူးပလွေဖြစ်ပြီး လားဟူတို့၏ ထင်ရှားသောအကမှာ ကာခေ့ပွဲဟုခေါ်သော မြေဝိုင်းအကဖြစ်ကာ ထင်းရှူးပင်ကိုဝိုင်းပတ်၍ တီးမှုတ်ကာ ကရသော အကတစ်မျိုးဖြစ်ကြောင်း၊ ထူးခြားသော ရိုးရာ ယဉ်ကျေးမှုတစ်ခုအနေဖြင့် သက်ကြီးဝါကြီး ပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာခံယူခြင်းဖြစ်သည်။

အဆိုပါလားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာ သာသနာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုများအား ပြန်လည် ဖော်ထုတ်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော လားဟူတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ရန် နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## တောင်တွင်းကြီးမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်



**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ဆုချီးမြှင့်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၃၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲကို စာရေးဆရာ တောင်တွင်းအောင်သက်ဦးက ကျောင်းသား ကျောင်းသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံ အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်း ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ဆက်လက်၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမိုးမိုးမြင့်နှင့် ဆုဒိုင်းအလှူရှင်များက ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်သူများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ပါဝင်သည့် အသိပညာပေး နံရံကပ်စာစောင်များ လေ့လာကြည့်ရှုခဲ့ကြသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## မချမ်းဘော၌(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**မချမ်းဘော ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ၂၀၂၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲနှင့်ကဗျာရွတ်ပြိုင်ပွဲတို့ကို ယမန်နေ့မွန်းလွဲပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီလွင်က လွတ်လပ်ရေးတန်ဖိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကဗျာရွတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းမှ Grade-5 ကျောင်းသား ကျောင်းသူ ၂၂ဦး၊ အမက(၂) အခြေခံပညာမူလတန်းကျောင်းမှ Grade-5 ကျောင်းသား ကျောင်းသူ ၂၃ဦးတို့က လွတ်လပ်ရေးပန်းတိုင် ကဗျာဖြင့် အုပ်စုအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဆရာ ဆရာမများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော သုတရသ စာအုပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးနံရံကပ်စာစောင်နှင့် လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲတို့ကို စိတ်ဝင်တစားကြည့်ရှုခဲ့ကြောင်း သိရသည်။ **ယောရှေနီ(မချမ်းဘော)**

## တာချီလိတ်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယဉာဏစွမ်းရည်ပြိုင်ပွဲပြုလုပ်



**တာချီလိတ် ဇန်နဝါရီ ၂**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အခြေခံမူလတန်းကလေးများ၏ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပရာ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကလေးငယ်များ စွမ်းရည်သွက်လက်ဉာဏ်ရည်ထက်မြက်စေရန် ရည်ရွယ်၍ အထက (တာချီလိတ်)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၅ ဦးက အရုပ်ဆက်ခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ကဗျာရွတ်ဆိုပြိုင်ခြင်းများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းနောက် ဂိမ်းကစားခြင်း၊ ပူဖောင်းဖောက်ခြင်းများ ဆက်လက်ကစားခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ခဲတံများ အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးလတ်(ပြန်/ဆက်)**

## ကြို့ပင်ကောက်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲများကျင်းပ

**ကြို့ပင်ကောက် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြသခြင်း၊ အသိပညာပေးဟောပြာခြင်းတို့ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လွတ်လပ်ရေး၏ အဓိပ္ပာယ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအကျဉ်းနှင့် လွတ်လပ်ရေးရရှိမှု၊ လွတ်လပ်ရေး၏ အရသာတို့ကို အသိပညာပေး ဟောပြောပြီး ကျပန်းစကားပြောပြိုင်ပွဲကို အထက(ပန်းတင်) ကျောင်းမှ အထက်တန်းဆင့်၊ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ငါးဦး၊ ကဗျာရွတ်ပြိုင်ပွဲကို မူလတန်းဆင့် ကျောင်းသား ကျောင်းသူ ငါးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် ပထမဆုရရှိသူ Grade -10 မှ မအင်ကြင်းမေ၊ Grade-5 မှ မောင်ကောင်းခန့်သိဏ်းစျာန်နှင့်ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။



ဆက်လက်၍ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား သတင်းစကားလက်ကမ်းစာစောင်များဖြန့် ဝေပေးပြီး အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေး

**ဆိပ်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးလုပ်ငန်းကို ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးနှင့် ရတနာလမ်းတို့တွင် ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရမည့်အချိန်တွင် သိရှိလိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**သူရိန်(ဆိပ်ဖြူ)**



## ညောင်ဦးမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**ညောင်ဦး ဇန်နဝါရီ ၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ထုတ်ဝေသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဒီဇင်ဘာ ၃၁ ရက်တွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူနှင့်ဝန်ထမ်းများက လူစည်ကားရာနေရာများဖြစ်သည့် မဏိစည်သူဈေး၊ ဘုန်းစဉ်အခွန်လွတ်ဈေးသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဒီပါလင်း**

## မြစ်သားမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**မြစ်သား ဇန်နဝါရီ ၂**

မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန်နှင့် ပြောရဲဆိုရဲသောသတ္တိများရှိစေရန် ရည်ရွယ်၍ ကဗျာရွတ်ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကဗျာရွတ်ပြိုင်ပွဲတွင် ဆရာကြီးမင်းသုဝဏ်ကဗျာများဖြစ်သည့် "ညီနောင်ငါးဦးအတူပူး"၊ "သပြေညို"၊ "မြန်မာ"၊ "သူ့မှာတမ်း"၊ "ဖိုးမောင်လာပြီ" အစရှိသည့်ကဗျာများဖြင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**



## ကော့ကရိတ်မြို့နယ်နှင့် ကျုံဒိုးမြို့၌ ဒို့အတူတူမဲပေးကြမယ် မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ကော့ကရိတ် ဇန်နဝါရီ ၂

မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့က ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် မိုးလုံလေလုံမြို့မအားကစားရုံရှေ့တွင် လည်းကောင်း၊ ကျုံဒိုးမြို့ပြည်သူ့ဆေးရုံရှေ့တွင် လည်းကောင်း ဒို့အတူတူမဲပေးကြမယ် မြေစိုက်ပိုစတာတို့ကို စိုက်ထူခဲ့ကြသည်။

ကော့ကရိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမိုးကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မြေစိုက်ပိုစတာကို စိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အလားတူ ကျုံဒိုးမြို့တွင် မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မြေစိုက်ပိုစတာကို စိုက်ထူပေးသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်နံချောင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရေနံချောင်း ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ လူငယ်များ လွတ်လပ်ရေး၏ အနှစ်သာရကို သိရှိပြီး တန်ဖိုးထား ထိန်းသိမ်းတတ်စေရန် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့မမြောက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း



(ခွဲ)သပြေ၌ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများနှင့် လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် လွတ်လပ်ရေး၏ အနှစ်သာရကို သိရှိကာ တန်ဖိုးထားထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ချိုဝေလွင်က အစားအစာဘေးကင်းလုံခြုံရေးနှင့် စားသုံးသူအခွင့်အရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆိုင်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၂

စစ်ကိုင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် ပိုးတန်းဓမ္မာရုံ၌ ကျင်းပသည်။



ပြိုင်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ လင်းလင်းချစ်က သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။ ထို့နောက် စစ်ကိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် တာဝန်ရှိသူများက သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက် ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်နှင့် သားကောင်းမိခင်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး စစ်ကိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင် မိခင်နှင့် ကလေးများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြပြီး အဆိုပါ ပြိုင်ပွဲသို့ မိခင်နှင့်ကလေး ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်များ ပြင်ဆင်တပ်ဆင်

ပေါင် ဇန်နဝါရီ ၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်ခြင်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရူခန်းမ၌ ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဖွဲ့ဝင် ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက စက်များအား ထိန်းချုပ်သည့်အပိုင်းနှင့် ဆက်စပ်အပိုင်းများ ဖြုတ်ခြင်း၊ တပ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ထားရှိခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **မွန်မလေး(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မတ္တရာ ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



နှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် အခြေခံပညာမူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့ ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရရှိသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **ရွှေရာသား**

## မိုင်းယောင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မိုင်းယောင်း ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်က (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၁၅ ဦးက "လွတ်လပ်ရေးနေ့ ဒို့မမေ့"ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရသူများအား မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ဝေဝေခိုင်(ပြန်/ဆက်)**



## ရွှေကျင်မြို့နယ် မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရွှေကျင် ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မူလတန်းကြိုကျောင်းမှ (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဒီဇင်ဘာ လှူပ်ရှားမှု ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ရှမ်းကြေးရပ်ကွက်မြို့နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုရီက မူလတန်းကြိုကျောင်းမှ ဒီဇင်ဘာလှုပ်ရှားမှုနှင့် လွတ်လပ်ရေးနေ့အကြို ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရွှေကျင်မြို့နယ် မူလတန်းကြိုကျောင်းမှကျောင်းသားကျောင်းသူ ၁၀၀ တို့က အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုရီ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မဒီဇော်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ကလေးများအတွက် ဖြည့်စွက်အာဟာရမုန့်များ ချီးမြှင့်ပေးသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုင်းပျဉ်းမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိ

**မိုင်းပျဉ်း ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၂)တွင် ကျင်းပမည်ဖြစ်ရာ ကြိုတင်ဆန္ဒမဲပေးခြင်းများကို ယနေ့နံနက်ပိုင်းကသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် သတ်မှတ်နေရာအသီးသီးတို့တွင် မဲဆန္ဒရှင်ပြည်သူများက ကြိုတင်မဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ကြိုတင်မဲပေးရာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သော မြို့နယ်များတွင် ဇန်နဝါရီ ၁ ရက်မှစတင်၍ ဇန်နဝါရီ ၁၀ ရက်အထိ ကြိုတင်မဲပေးရက် သတ်မှတ်ထားရာ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်ပြည်သူများထဲမှ မဲရုံတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီကိုယ်စားလှယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးအရ သွားလာရခက်ခဲသည့် မဲဆန္ဒရှင် ပြည်သူများအတွက် ယမန်နေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် သတ်မှတ်နေရာများတွင် ကြိုတင်ဆန္ဒမဲပေးလျက်ရှိရာ ယနေ့တွင်ဒုတိယနေ့အဖြစ် မဲဆန္ဒရှင်ပြည်သူများက ဆက်လက်မဲပေးလျက်ရှိကြောင်း သိရသည်။**နန်းသန္တာဦး(ပြန်/ဆက်)**

## မုဒုံမြို့၌ ရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်တပ်ဆင်

**မုဒုံ ဇန်နဝါရီ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်တပ်ဆင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းကို ယနေ့နံနက် ၉ နာရီက ရွှေဟသာခန်းမ၌ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက ရွေးကောက်ပွဲ၌ MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုမည့် ဝန်ထမ်းများအား MEVM မဲပေးစက်များ တပ်ဆင်ပြုလုပ်ခြင်း၊ စက်များကိုကိုင်တွယ်အသုံးပြုနည်းများ၊ မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆန္ဒမဲပေးမည့်နေ့တွင် မဲပေးစက်များ အသုံးပြုဆောင်ရွက်ပုံ အဆင့်ဆင့်ကို လက်တွေ့တပ်ဆင်ရှင်းလင်းပြောကြားသည်။

အဆိုပါ မဲပေးစက်တပ်ဆင်ခြင်းကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက ကြီးကြပ်ကာ မြန်မာအီလက်ထရောနစ် မဲပေးစနစ်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များ၊ မဲပေးစက်ကိုင်တွယ်အသုံးပြုမည့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာစာရေးဝန်ထမ်းများ စုစုပေါင်း ၁၆၈ ဦး တက်ရောက်ကြောင်းနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက် MEVM များကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ တပ်ဆင်အသုံးပြုခြင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်အသုံးပြုခြင်းဆောင်ရွက်ရာတွင် MEVM စက်ထုတ်လုပ်သည့်ဌာန နည်းပညာအထောက်အကူပြုအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်နုနုဝေက MEVM စက်နှင့်ပတ်သက်ပြီး ရှင်းလင်းပြသပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ချစ်နှင့် အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးသည်။

ကွမ်းခြံကုန်းမြို့နယ်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၀ ၌ မဲရုံပေါင်း ၁၁၄ ရုံ ဖွင့်လှစ်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါမဲရုံများတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ဆွေနှယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံလေးလုံးနှင့် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင်လေးထပ်အဆောက်အအုံ နှစ်လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၅၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၁ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**










KK Park နယ်မြေအတွင်း တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် ခြောက်ထပ်လူနေအဆောက်အအုံ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ် ဖမ်းဆီးရမိ



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ တရားမဝင်မီးသွေး ၃၂ ပေါင်ဝင်အိတ် ၅၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၇၆၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘုတလင်မြို့နယ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၁၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၉၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၆၇၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၂ ဒသမ ၀၁၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၄၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်တွင် နတ်မောက်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၀ ဒသမ ၄၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၅၁၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၇ ရက်တို့တွင် ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၉ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၆၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Charm Truck တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာအနီး၌ လိုင်စင်မဲ့ထော်လာဂျီ တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့ထော်လာဂျီတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၉၆၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်နှင့် ၁၁ ရက်တို့တွင် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် အင္ဂူ ကူးတို့ဆိပ်၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၉၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နှင့် ခရမ်းမြို့နယ်တို့အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၁၂ ဒသမ ၂၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၄၉၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၉ ရက်တို့တွင် မြောက်ဥက္ကလာပမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၄၃၈၉၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်၊ ၁၁ ရက်၊ ၂၀ ရက်၊ ၂၃ ရက် ၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၇၈၂၇၈၅၂၈) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်နှင့် ၉ ရက်တို့တွင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာ၌ တရားမဝင်အခြားသစ် ၃ ဒသမ ၇၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင်လိုင်စင်မဲ့ ငါးဖမ်းရေယာဉ်လေးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် မြိတ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၂ ဒသမ ၄၁၄ တန်နှင့် ပေါင် ၆၀ ဝင် မီးသွေးအိတ် ၄၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၆၉၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၈၉၉၆၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် မော်လမြိုင်မြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၈၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၁၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၁၁၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် မြိတ်မြို့နယ် အင်းလေးမြိုင်ရပ်ကွက် မင်းဓမ္မ (၈)လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၉၆၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ ၉ ရက်၊ ၁၇ ရက်၊ ၁၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၁၀၃၉၆၀ ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးနေသူများအား ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးနေသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးနေသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အောင်မြူးမာန် ဦးဆောင်သောအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ဘုတ်ပြင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားလေးယောက်တွဲ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**ဘုတ်ပြင်း ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အမျိုးသားလေးယောက်တွဲ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။



ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းခုနစ်သင်းဖြင့် အုပ်စု နှစ်စုခွဲကာ အုပ်စုတွင်းပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိပြီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသား အငယ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း အကြီးတန်း ပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲ အကြီးတန်းပြိုင်ပွဲများကို မြို့နယ် အားကစားခန်းမတို့၌ အသီးသီး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲအသီးသီး ယှဉ်ပြိုင်ကစားနေမှုအား ဘုတ်ပြင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများကို (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝိုင်းမော်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဝိုင်းမော် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ် - ၁ ရပ်ကွက်ရှိ မြို့မဈေးနှင့် မိုင်းနားကျေးရွာရှိဗလမင်းထင်မြို့အဝင်အထွက်ဂိတ်၌ ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ဒို့အတူမဲပေးကြမည်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့၊ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ စသည့်အကြောင်းအရာများ ပါဝင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝိုင်းမော်မြို့နယ်ဦးစီးအရာရှိ ဒေါ်ခိုင်သက်မွန်နှင့် ရပ်ကွက်ကျေးရွာမှ တာဝန်ရှိသူများက လက်ကမ်းစာစောင် ၃၀၀ ကို မဲဆန္ဒရှင်ပြည်သူများထံသို့ လိုက်လံဝေငှခဲ့သည်။



အလားတူ ဝိုင်းမော်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများ၌ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရန်အတွက် ဒို့အတူတူ မဲပေးကြမယ်၊ ဒို့အတူ မဲပေးကြမည်နှင့် မဲပေးကြမယ် သီချင်းများဖြင့် လိုက်လံဆော်ဩခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝိုင်းမော်မြို့နယ်ရုံးမှ သိရသည်။ **ဝိုင်းမော်(ပြန်/ဆက်)**

## ဘားအံမြို့၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နန်းဘေဘီမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအထိရောက်ရှိအောင် ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ပြီး ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကလေးပြပွဲပြိုင်ပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲကို ကလေးအသက်မွေးစမှ ခြောက်လအထိ၊ ခြောက်လမှ (၁၂)လ၊ (၁၂) လမှ(၁၈)လ၊ (၁၈) လမှ (၂၄)လ ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် အုပ်စုလေးအုပ်စုခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး အမြွာဆုနှင့် လွတ်လပ်ရေးမောင်မယ်ဆုများ ထည့်သွင်းပေးအပ်ချီးမြှင့်ကာ ဘားအံမြို့အတွင်းရှိ ကလေးငယ်ပေါင်း ၆၆ ဦး လာရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## အောင်လံမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**အောင်လံ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ လူငယ်များအနေဖြင့် ပညာပြည့်ဝနှလုံးလှပြီး ဗလငါးတန်၊ ပညာ့မာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အောင်လံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အမှာစကားပြောကြားရာတွင် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်စေရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်စေရေး ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဗဟုသုတကြွယ်ဝဖို့ စာကြည့်တိုက်ကိုသွားကြစို့ စသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေ

**ကွန်ဟိန်း ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့မဈေးရှေ့၌ ဖြန့်ဝေခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှကောက်နုတ်ချက်၊ (၁၅-၁၀-၂၀၂၅) ရက်နေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်း၊ ကမ္ဘာတည်သရွေ့စောင့်ရှောက်၊ လွတ်လပ်ရေးဆိုသည်မှာ (ကဗျာ)၊ ကာတွန်းနှင့်ဆောင်ပုဒ်များ စသည့်အကြောင်းအရာများ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ငဖဲမြို့နယ်၌ မဲရုံတာဝန်ထမ်းဆောင်ရမည့်သူများ ကြိုတင်ဆန္ဒမဲပေး

**ငဖဲ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အဖြစ် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပဆောင်ရွက်မည်ဖြစ်ရာ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်ဖြင့် ခရီးသွားရန်ရှိသူများအား ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်း ရွေးကောက်ပွဲတွင် မဲရုံတာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာမဲရုံများသို့ သွားရောက်တာဝန်မထမ်းဆောင်မီ မိမိတို့၏ဆန္ဒမဲများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ပဒါန်းအခြေခံပညာအထက်တန်းကျောင်းတို့၌ ဆန္ဒမဲပေးနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တာဝန်ရှိသူများက စီမံဆောင်ရွက်ထားရှိပြီး မဲစာရင်းတွင်ပါရှိသည့် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်မဲများကို ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ငဖဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၂၁ အုပ်စုနှင့် ကျေးရွာခွဲ ၂၁ ရွာရှိ မဲရုံ ၅၂ ရုံ ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၂

ဒေါ်နော်အဲဆဲ — နှင့် — ဦးအောင်မြင့်
**တရားလို** — **တရားပြိုင်**

ဦးအောင်မြင့်၊ အမှတ် (ဖ–၃၆)၊ ကံ့ကော်လမ်းသွယ်(၁)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နော်အဲဆဲက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကိုကိုနိုင်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၁

ဒေါ်နော်ဝါးဂေးဆဲ — နှင့် — ဦးအောင်မြင့်
**တရားလို** — **တရားပြိုင်**

ဦးအောင်မြင့်၊ အမှတ်(ဖ–၃၆)၊ ကံ့ကော်လမ်းသွယ် (၁)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နော်ဝါးဂေးဆဲက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်) မွန်း မတည့်မီ ၉:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကိုကိုနိုင်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၃၉၄၀၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျိုက်လတ်မြို့၊ အမှတ် (၄) ရပ်ကွက် (၁၀x၁၁) ဗိုလ်ချုပ်လမ်းရှိ မြေကွက်အမှတ် (၇) ရုံးပိုင်းရပ်၊ ဦးပိုင်အမှတ် (၈၄) ဧရိယာ(၀. ၀၃၂) ဧကရှိ မြေကွက်သည် ဦးသာညွန့်၊ ဒေါ်မြစိန်၊ဒေါ်တင်တင်မြင့်၊ ဒေါ်သန်းသန်းမြင့်တို့ (၄) ဦး အမည်ပေါက်ဖြင့် မြေဂရန်ထွက်ရှိပြီး ပိုင်ဆိုင်အကျိုးခံစားကြပါသည်။ အထက်ပါ မြေကွက်အား အလုံမြို့၊ အခန်း၁၀/တိုက် A–၂/ သီရိမင်္ဂလာဥယျာဉ်ရိပ်သာအိမ်ယာ၊ ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက်နေသူ(ဘ)ဦးစံထွေး၏ သမီးဒေါ်မြစိန် KLT–၀၁၀၆၅၅ နှင့် ကျိုက်လတ်မြို့နယ်၊ အုန်းပင်စုရွာ၊ ကျုံကလွတ် ကျေးရွာနေ(ဘ)ဦးဘမြစ်၏ သမီးများဖြစ်ကြသော ဒေါ်တင်တင်မြင့် ၁၄/ကလန(နိုင်)၀၅၄၁၁၅၊ ဒေါ်သန်းသန်းမြင့် ၁၄/ကလန(နိုင်)၀၅၃၈၂၀ တို့မှ တရားဝင်ရောင်းချမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ လာမည့် (၁၅) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေများထံသို့ ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြစိန်၊ဒေါ်တင်တင်မြင့်၊ ဒေါ်သန်းသန်းမြင့်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှိုင်တင့် (LL.B)** — **ဒေါ်မြင့်မြင့်ကြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**စဉ်–၆၀၀၅၊ (၂၅–၁–၉၃)** — **(စဉ်–၅၆၃၉၆/၂၁–၃–၂၀၁၄)**
**အမှတ်(၁၆)၊ မင်းရဲကျော်စွာလမ်း** — **အမှတ်(၁၄၅)၊ မင်္ဂလာလမ်း၊ ဖျာပုံမြို့၊**
**(၁၉)ရပ်ကွက်၊ ဖျာပုံမြို့၊** — **ဖုန်း–၀၉–၈၈၃၃၀၃၁၀၅**
**ဧရာဝတီတိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဇမ္ဗူသီရိမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၉)

ဦးမြတ်သူ — တရားလို

နှင့်

(၁) ဦးကျော်သူရ — တရားပြိုင်များ
(၂)ဦးဆန်နီကျော်
(၃) ဒေါ်သွယ်သွယ်မျိုး
(၄) ဦးပိုင်မျိုးဆွေ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ (၃) ရပ်ကွက်၊ အမှတ်(၁၃၄)နေ ဦးပိုင်မျိုးဆွေ (ဘ) ဦးသီဟ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် (၅) ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်ပါသည်။

**(ညီနေဝင်းဇင်)**
**မြို့နယ်တရားသူကြီး**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ဘုရင့်နောင် (၅) လမ်း (အနောက်မြို့ရှောင်လမ်းအနီး)၊ အရှေ့လားသော်–ရထားလမ်းဟောင်း၊ အနောက်လားသော်–(မူလပိုင်ရှင်)ဒေါ်ငွေခင်၏နေအိမ်၊ တောင်လားသော်–အင်ဒိုရာကုမ္ပဏီ၊ မြောက်လားသော်–ဘုရင့်နောင် (၅) လမ်း အလားလေးရပ်အတွင်းရှိ အမှတ် (၂၉၅၁/ဘီ) ဟုခေါ်တွင်သည့် မျက်နှာ၀ အလျား (၈၉) ပေxအနံ (၂၂၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ကွယ်လွန်သူ ဦးစိန်သိန်း (ပီဂျီယူ–၁၆၃၇၂၄)ထံမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အရှုပ်အရှင်းကင်းစွာ လက်ရှိထားအမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ၁။ ဒေါ်အေးအေး(ပီဂျီယူ–၂၈၇၀၉)။ ၂။ ဒေါ်သိန်းသိန်းနွယ် (၇/ပခန (နိုင်)၂၂၉၀၈၂) ၃။ ဒေါ်ဝင်းဝင်းမြင့် (၇/ပခန(နိုင်)၂၃၂၃၃၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးလင်းလင်းဦး(၇/ကဝန(နိုင်)၁၇၂၂၅၀) ၂။ဒေါ်မြင့်မြင့်ခင် (၁၂/ခရန(နိုင်)၁၅၉၅၃၂)တို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သိန်းထွန်း(LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၃၆/၂၀၁၆)**
**အမှတ် (၁၈၇၆)၊ သာယာကုန်း (၁)လမ်း၊ မဇင်းရပ်ကွက်၊ပဲခူးမြို့။**
**ဖုန်း–၀၉–၄၂၈၁၄၈၄၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ သုတ(၃)လမ်း၊ မြေကွက်အမှတ် ၄၀၈/ခ ဟုခေါ်တွင်သော၊ အလျား (၂၀' x အနံ ၆၀') အကျယ်ရှိ ဒေါ်အေးအေးမြင့်၊ ဦးသိန်းလွင်၊ ဒေါ်အေးအေးစန်း၊ ဒေါ်ရီရီခင်၊ ဒေါ်ရင်ရင်စန်း၊ ဒေါ်စိုးမြတ်သန္တာ၊ ဒေါ်ဇင်မာစိုးတို့၏အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) ထပ် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အစဉ်အဆက်စာချုပ်များအရ ဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဉာဏ်ဝင်း (၁၂/စခန(နိုင်)၀၄၆၈၈၆) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်စိုး (၁၂/သဃက(နိုင်)၀၀၁၂၅၉) က အပြီးအပိုင်ဝယ်ယူရန် အိမ်နှင့်မြေတန်ဖိုး စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယုယုဆွေ (LL.B)** — **ဒေါ်စုမြတ်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ(စဉ် – ၅၂၈၉၉)**
**(စဉ်–၁၀၃၇၉/၂၆–၂–၂၀၁၅)** — **ဖုန်း – ၀၉–၄၂၀၁၃၂၃၇၄**
**အမှတ် (၄၈၃)၊ မြရတနာ (၁) လမ်း၊ (ခ) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၂၁၁၂၁၀၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ် (၁၇)၊ ဧရိယာ(၀.၁၀)ဧကရှိ ဦးဇော်ဝင်း(ပါ)၃–ဦး (ဦးဇော်ဝင်း၊ ဦးတင်ငွေ၊ ဒေါ်မြင့်မြင့်ရီ)အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၂/၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ငွေ ၉/ပမန(နိုင်)၀၁၂၉၀၆ နှင့် ဒေါ်မြင့်မြင့်ရီ ၉/ပမန(နိုင်)၀၁၉၈၁၃တို့မှ ဘိုးဘပိုင်မြေကွက် အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၂၄/၁၈–၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၁၀၀/၂၀၂၅)၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သိင်္ဂီလှ ၂/လကန(နိုင်)၀၀၈၄၃၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၀၄၅)၏ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှမြင့် (ISN–၀၇၀၈၇၄) နှင့် မြေကွက်အမှတ် (၁၀၄၆)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ နော်ဘဲဝါ (EME–၁၁၄၀၁၀) (၁၂/လမန(နိုင်)၀၁၁၃၅၈) မြေအလျား xအနံ ပေ(၄၀x၆၀)စီ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ချင်း (၅/စကန(နိုင်)၁၇၄၅၄၂) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းသူရဇော် (LL.B)** — **ဒေါ်ယမင်းထွေး (LL.B)** — **ဦးရဲသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** — **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)**
**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၅၉၂) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ညွန့် (၁၂/မဘန(နိုင်)၀၃၅၆၄၂) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးသူအောင် (၁၂/ဒဂဆ(နိုင်)၀၁၂၉၆၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သူ ဦးဇင်ထက်နိုင် (၁၂/ရကန(နိုင်)၀၇၈၂၆၆) နှင့် ဒေါ်ခင်ငြိမ်းချမ်းစိုး (၉/အမရ(နိုင်)၁၄၇၀၄၄) တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းသူရဇော် (LL.B)** — **ဒေါ်ယမင်းထွေး (LL.B)** — **ဦးရဲသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** — **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)**
**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁–ရိုးရိုး)၊ မြေကွက်အမှတ် (၂၈၃၈+၂၈၃၉)၊ ဟုခေါ်တွင်သော မြေအလျား x အနံပေ (၈၀ x ၆၀) ရှိ နှစ် (၆၀) မြေငှားဂရန်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မင်း(ခ)မူဟာမက်ဖိုရ်ခါန် (DBN–၀၁၅၃၇၅) (၁၂/မဂတ(နိုင်)၁၁၃၅၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဝင်း (၇/ဝမန(နိုင်)၁၅၂၅၇၇) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းသူရဇော် (LL.B)** — **ဒေါ်ယမင်းထွေး (LL.B)** — **ဦးရဲသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** — **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)**
**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်(၅၁၆)ရှိ မြေရှင် - ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော၊ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသော ဒုတိယထပ် (တတိယအလွှာ)၊ ခြေရင်းခန်း အကျယ်အဝန်း (၁၇ x ၅၄) ပေရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ကန်ထရိုက်တာ ဒေါ်တင်သန်း (၁၂/မဂဒ(နိုင်)၁၂၁၄၈၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာထွေး (၇/ပခန(နိုင်)၂၅၃၉၉၀) က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးခင်ဇော်** — **ဒေါ်အိအိဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၃၅)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၈၀)**
**B.Sc, PGDL, HGP. WIPO (Switzerland)** — **LL.B,DLP,WIPO (Switzerland)**
**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၆၃၈၀၈၇၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ ပါရမီလမ်းနှင့် ဇီဇဝါလမ်းထောင့်၊ တိုက်အမှတ် (2B)၊ အခန်းအမှတ် (၁၀) ဟုခေါ်တွင်သော အဆောက်အအုံ၏ (၄–လွှာ) (လက်ယာဘက်အခန်း)၊ အကျယ်အဝန်း (ပေ၃၀ x ပေ ၄၀) ရှိသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော Air Con (၃)လုံး၊ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမီတာ၊ ရေသန့်စင်စက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ ဦးသိန်းဇော်မင်း(ဘ)ဦးအိုက်အောင် (၁၂/ဥကမ(နိုင်)၁၅၄၄၃၂) နှင့် ဒေါ်ခင်စုရီ(ဘ)ဦးရွှေခင် (၁၀/မလမ(နိုင်)၀၉၃၇၂၆)တို့ထံသို့ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်ဦး (ဘ)ဦးအုန်းမြိုင် (၉/မနမ(နိုင်) ၀၃၉၁၀၆)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အတိအလင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –** — **လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကျော်ဦး** — **တရားလွှတ်တော်ရှေ့နေများ**
**(၉/မနမ(နိုင်)၀၃၉၁၀၆)** — **ဦးအောင်မိုး (ကော့မှူး)** — **ဒေါ်သိမ့်သိမ့်ထွန်း** — **ဒေါ်ထက်ထက်အေးငြိမ်း**
**(စဉ်–၈၂၃၇)** — **(စဉ်–၁၂၆၇၆)** — **(စဉ်–၁၈၉၄၂)**
**ရုံး–အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉) ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၀၉–၄၄၄၅၅၅၁၆၂၊ ၀၉–၇၇၇၄၁၄၀၁၃၊ ၀၉–၄၅၉၀၀၀၇၁၁၊ ၀၉–၇၉၉၅၇၅၂၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/28124, Luojia–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးနိုင် ၁၄/ဝခမ(နိုင်)၁၄၄၂၄၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/60860, Honda Wave–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးသူ ၁၄/ပသရ(နိုင်) ၁၀၄၇၃၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/53274,Honda Dream– II–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၃/ကကရ(နိုင်) ၀၀၉၄၂၀က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**
**ကော့ကရိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဥသ-၂၁၅၆)၊ အကျယ်အဝန်း အလျား (၈၁/၇၇.၅) ပေ x အနံ(၆၅.၅/၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၁၃ ဧကရှိ မြို့မြေ အမျိုးအစားနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်မီမီလှိုင်(ဘ)ဦးသံချောင်း ၁၂/လမန (နိုင်)၁၃၆၀၈၁ ထံမှ ကျွန်ုပ် ဦးခင်နိုင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်နိုင်(ဘ)ဦးတင်ရွှေ
၁၂/လမန(နိုင်)၀၅၀၂၀၁
ဖုန်း-၀၉-၆၆၉၀၂၉၄၂၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ဒက္ခိဏသီရိတောင်ရပ်ရှိ အလျား ပေ (၈၀) x အနံ ပေ (၈၀)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကကျယ်ဝန်းသော မြေကွက်အမှတ်(ဒ-၃၁၉၂၇)သည် ဒေါ်အေးမွန်ထွဋ် (ဘ) ဦးခင်ထွဋ် ၉/မထလ(နိုင်)၂၁၈၀၇၁ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ အမည်ပြောင်းလဲသတ်မှတ်ပေးထားသော နှစ် (၃၀) မြေငှားဂရန် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းအမည်ပေါက် လက်ရှိထားပိုင်ဆိုင်သဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးမွန်ထွဋ် ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်မိုးဟန် (ဘ) ဦးဟန်ကြူ ၇/ပခန(နိုင်)၀၀၁၉၉၄ က ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်မိုးဟန် (ဘ) ဦးဟန်ကြူ ၇/ပခန(နိုင်)၀၀၁၉၉၄ ၏**
**လွှဲအပ်ချက်အရ-**
**ဦးမင်းစိုး(LLB) (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉- ၄၃၀၂၀၂၉၁၊ ၀၉- ၉၄၃၀၂၀၂၉၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သမိန်ဗရမ်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၁၈၈)၊ ဟုခေါ်တွင်သော ဦးထွန်းသိန်း (အမည်ပေါက်) မြေချပါမစ် မြေကွက်၏ မြေအကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်အမှတ်(၁၁၈၉) နှင့် ကပ်လျှက်ဘက်ခြမ်း အကျယ်အဝန်း(အလျား ပေ ၁၀ x အနံ ပေ ၆၀)ရှိ မြေကွက်နှင့် နေအိမ်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဟေမာလင်း ၁၁/ကဖန(နိုင်)၁၀၂၆၅၁ ထံမှ အပြီးအပိုင်ပြန်လည် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ဝါးဝါးဖော မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နောင်(LL.B). တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၃၆)**
**အမှတ်(၃၁၀)၊ ကျောက်စိမ်းမျက်ရတနာ(၂)လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၃၈၁၃၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၁)ရေပုန်းကွင်း၊ မြေကွက်အမှတ် (၃၂၉)၊ မြေဧရိယာ သုည ဒသမ ၂၂၆ ဧကအား မြေငှား ဂရန်အမှုတွဲအမှတ်၊ ၁၂၆/၂၀၁၅-၂၀၁၆ အရ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ် ရရှိသူ ဦးမင်းလွင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၀/၂၀၂၅) ဖြင့် ဦးလှသန်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃ မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ့အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈) တဖက္ကာကွင်း၊ မြေကွက်အမှတ်(၁၈)၊ မြေဧရိယာ သုည ဒသမ ၁၁၀ ဧကအနက် မြေပြင်ရှိ မြေဧရိယာ သုည ဒသမ ၁၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၄၂/၂၀၁၅-၂၀၁၆အရ ဦးအင်မြင့် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၈၃/၂၀၂၅) ဖြင့် ဦးစိုးဝင်းမြင့်၊ ဒေါ်ခင်စန်းအေး တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးစိုးဝင်းမြင့်၊ ၆/မမန(နိုင်)၁၃၆၅၇၉၊ ဒေါ်ခင် စန်းအေး ၆/မမန(နိုင်)၁၈၃၉၂၉ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ့အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ပြည်တက္ကသိုလ်၊ အဝေးသင်-သင်တန်း (၂၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်အစီအစဉ်

၁။ ၂၀၂၅ ပညာသင်နှစ် ပြည်တက္ကသိုလ်၊ အဝေးသင်-သင်တန်းမှ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ စာမေးပွဲ အသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း ၁၆-၁-၂၀၂၆ ရက်၊ သောကြာနေ့ အစီအစဉ်**

| | |
|---|---|
| အပိုင်း (၁ + ၂) | နံနက် (၉:၀၀ နာရီ) |
| အပိုင်း (၃ + ၄) | မွန်းလွဲ (၂:၀၀ နာရီ) |

**ဘွဲ့နှင်းသဘင် ၁၇-၁-၂၀၂၆ ရက်၊ (စနေနေ့) အစီအစဉ်**
**အပိုင်း(၁)၊ နံနက်ပိုင်း (၉:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ | (စ-ဓ- ၁ မှ ၁၀၂ ) အထိ |
| (၂) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ | (စ-စ- ၁ မှ ၃၅) အထိ |
| (၃) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ | (စ-စ- ၁ မှ ၁၉) အထိ (၂၀၂၀ အောင်) |
| (၄) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် | (စ-ပ- ၁ မှ ၂၅၈ ) အထိ (၂၀၂၀ အောင်) |

**ဘွဲ့နှင်းသဘင် ၁၇-၁-၂၀၂၆ ရက်၊ (စနေနေ့) အစီအစဉ်**
**အပိုင်း(၂)၊ မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ | (စ-ဓ-၁၀၃ မှ ၁၃၇) အထိ |
| (၂) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ | (စ-ဓ-၁ မှ ၆၇ ) အထိ(၂၀၂၀ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် | (စ-ပ-၁ မှ ၃၀၄) အထိ |

**ဘွဲ့နှင်းသဘင် ၁၈-၁-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့) အစီအစဉ်**
**အပိုင်း(၃)၊ နံနက်ပိုင်း (၉:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | သင်္ချာ | (စ-သခ- ၁ မှ ၉၅ ) အထိ |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် | (စ-ပ-၃၀၅ မှ ၅၁၀)အထိ |
| (၃) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ | (စ-အရ-၁ မှ ၆၀) အထိ |
| (၄) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ | (စ-အရ- ၁ မှ ၅၈)အထိ (၂၀၂၀ အောင်) |

**ဘွဲ့နှင်းသဘင် ၁၈-၁-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့) အစီအစဉ်**
**အပိုင်း(၄)၊ မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | သင်္ချာ | (စ-သခ- ၉၆ မှ ၁၄၆)အထိ |
| (၂) | သိပ္ပံဘွဲ့ | - | သင်္ချာ | (စ-သခ-၁ မှ ၄၅ ) အထိ (၂၀၂၀ အောင် ) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ | (စ-အ- ၁ မှ ၂၃၁ ) အထိ |
| (၄) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ | (စ-အ- ၁ မှ ၇၂) အထိ (၂၀၂၀ အောင်) |

ဘွဲ့ (အပိုင်း- ၁+၂+၃+၄) တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲ တက်ရောက်ခွင့် လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ၁၂-၁-၂၀၂၆ ရက်မှ ၁၄-၁-၂၀၂၆ ရက်အထိ ပြည်တက္ကသိုလ် အဝေးသင်-သင်တန်းတွင် ထုတ်ယူနိုင်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း ၂၃-၁-၂၀၂၆ ရက်၊ (သောကြာနေ့) အစီအစဉ်**

| | |
|---|---|
| အပိုင်း ( ၅ + ၆ ) | နံနက်(၉:၀၀ နာရီ) |
| အပိုင်း ( ၇ + ၈ ) | မွန်းလွဲ(၂:၀၀ နာရီ) |

**ဘွဲ့နှင်းသဘင် ၂၄-၁-၂၀၂၆ ရက်၊ (စနေနေ့) အစီအစဉ်**
**အပိုင်း(၅)၊ နံနက်ပိုင်း (၉:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | ရူပဗေဒ | (စ-ရပ- ၁ မှ ၁၀၃ ) အထိ |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (စ-သ- ၁ မှ ၃၀၇) အထိ |

**ဘွဲ့နှင်းသဘင် ၂၄-၁-၂၀၂၆ ရက်၊ (စနေနေ့) အစီအစဉ်**
**အပိုင်း(၆)၊ မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | ရူပဗေဒ | (စ-ရပ- ၁၀၄ မှ ၁၇၈ ) အထိ |
| (၂) | သိပ္ပံဘွဲ့ | - | ရူပဗေဒ | (စ-ရပ- ၁ မှ ၄၉ )အထိ (၂၀၂၀ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (စ-သ- ၃၀၈ မှ ၆၁၆ ) အထိ |

**ဘွဲ့နှင်းသဘင် ၂၅-၁-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)အစီအစဉ်**
**အပိုင်း(၇)၊ နံနက်ပိုင်း (၉ : ၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ | (စ-ဒ-၁ မှ ၆၈ ) အထိ (၂၀၂၀ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ | (စ-ဒ- ၁ မှ ၅၀ ) အထိ |
| (၃) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း | ( စ-သ- ၆၁၇ မှ ၉၇၅) အထိ |

**ဘွဲ့နှင်းသဘင် ၂၅-၁-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့) အစီအစဉ်**
**အပိုင်း(၈)၊ မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ | (စ-ဒ- ၅၁ မှ ၁၀၈ ) အထိ |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (စ-သ- ၁ မှ ၃၇၇ ) အထိ ( ၂၀၂၀ အောင်) |

ဘွဲ့ ( အပိုင်း - ၅+၆+၇+၈ ) တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် အစမ်း လေ့ကျင့်ပွဲ တက်ရောက်ခွင့် လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ၁၉-၁-၂၀၂၆ရက်မှ ၂၁-၁-၂၀၂၆ရက်အထိ ပြည်တက္ကသိုလ် အဝေးသင်-သင်တန်းတွင် ထုတ်ယူနိုင်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း ၂၈-၁-၂၀၂၆ ရက်၊ (ဗုဒ္ဓဟူးနေ့) အစီအစဉ်**

| | |
|---|---|
| အပိုင်း (၉+၁၀) | နံနက်(၉:၀၀ နာရီ) |
| အပိုင်း (၁၁) | မွန်းလွဲ(၂:၀၀ နာရီ) |

**ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၂၆ ရက်၊ (ကြာသပတေးနေ့) အစီအစဉ်**
**အပိုင်း(၉)၊ နံနက်ပိုင်း (၉:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ | (စ-သတ- ၁ မှ ၆၇ ) အထိ |
| (၂) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | ( စ-မ- ၁ မှ ၃၄၃ ) အထိ |

**ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၂၆ ရက်၊ (ကြာသပတေးနေ့)အစီအစဉ်**
**အပိုင်း(၁၀)၊ မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ | (စ-သတ- ၁ မှ ၂၆)အထိ (၂၀၂၀ အောင်) |
| (၂) | ဝိဇ္ဇာ | - | မြန်မာစာ | (စ-မ- ၃၄၄ မှ ၇၅၂ ) အထိ |

**ဘွဲ့နှင်းသဘင် ၃၀-၁-၂၀၂၆ ရက်၊ (သောကြာနေ့) အစီအစဉ်**
**အပိုင်း(၁၁)၊ နံနက်ပိုင်း (၉ : ၀၀)နာရီ**

| | | | | |
|---|---|---|---|---|
| (၁) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ | (စ-ရခ- ၁ မှ ၅၀) အထိ |
| (၂) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ | (စ-ရခ- ၁ မှ ၁၄) အထိ (၂၀၂၀ အောင်) |
| (၃) | ဥပဒေဘွဲ့ | - | ဥပဒေပညာ | (ပဋ္ဌ-ဥ- ၁ မှ ၃၂ ) အထိ |
| (၄) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (စ-မ- ၁ မှ ၃၀၇) အထိ ( ၂၀၂၀ အောင်) |

ဘွဲ့(အပိုင်း - ၉ + ၁၀ + ၁၁) တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲ တက်ရောက်ခွင့် လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ၂၆-၁-၂၀၂၆ ရက်မှ ၂၇-၁-၂၀၂၆ ရက်အထိ ပြည်တက္ကသိုလ် အဝေးသင်-သင်တန်းတွင် ထုတ်ယူနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများသည် ဆံပင်အရောင်ဆေးမဆိုးရ၊ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်။) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည် ဖြစ်ရမည်။) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည် ဖြစ်ပါသည်။

- အမျိုးသားများ နားကွင်း၊ နားကပ် ဝတ်ဆင်ခွင့်မပြု
- အမျိုးသမီးများ သုံးလွှာလုံချည် ဝတ်ဆင်ခွင့်မပြုပါ။ ကွင်းလုံချည်သာ ဝတ်ဆင်ရမည်ဖြစ်ပါသည်။
- သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်မကိုက်ညီပါက ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။
- အခြားသိရှိလိုသော အချက်များရှိပါက အဝေးသင် သင်တန်း ဖုန်း-၀၉-၉၇၁၂၉၉၅၄၊ ၀၉-၄၀၃၈၆၆၉၇၇၊ ၀၉-၄၂၃၆၈၂၅၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တက္ကသိုလ်၊ အဝေးသင် သင်တန်း**

## ပတ်စ်ပို့ပျောက်

ကျောက်မဲမြို့၊ ရပ်ကွက်(၉)နေ (ဘ) ဦးသိန်းနိုင်ဦး ၏ သမီး မဖြိုး ဝေဝေနိုင် ၁၃/မတတ(နိုင်)၀၁၂၇၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-902431) သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၈၈၈၆၄၆**

## အမည်မှန်၊ ဖခင်အမည်မှန်

တောင်ကြီးမြို့၊ DMK ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း Grade-12 မှ ခွန်စိုးသီဟ ၏ အမည်မှန်မှာ ခွန်စိုးသိန်း ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ခွန်အောင်ဆန်း ၁၃/တကန(နိုင်) ၂၂၈၁၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အလက(၃) ကျောင်း G-8 ကျောင်းဝင်အမှတ် (၀၂၁၁)၊ ကျောင်းသူ နန်းခမ်း လာ၏ ဖခင်အမည်မှန်မှာ ခွန်မောင်လေး ၁၃/ကတလ(နိုင်) ၀၁၇၄၁၂ ဖြစ်ပါကြောင်း။

**ခွန်မောင်လေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မြိတ်ခရိုင်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဦးကျော်မိုးရှိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှိုင်ဝင်းဇင်) | နှင့် | ၁။ ဦးအောင်မျိုးသန့် ၂။ ဦးထွေးအောင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

